# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုး ရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏတ္တိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၃၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

နေပြည်တော် မေ ၂၄

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် ၎င်းတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့


*စာမျက်နှာ ၁၀ ကော်လံ ၁* ❊






## ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၂၄

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေး ပစ္စည်းများ၊


*စာမျက်နှာ ၁၀ ကော်လံ ၁* ❖


**ယနေ့** *ဖတ်စရာ*


**ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်မှုဖြင့် ငွေကျပ်သိန်း ၅၃၀၀ ကျော် ထောက်ပံ့**


ပြည်တွင်းသတင်း စာ ၉


**အချိန်ခါရှိခိုက် လုံ့လစိုက်၍ ကျောင်းနေပျော်ပြီး ပညာတော်အောင် ရှက်ဆောင်ကြိုးပမ်း . . .**


ဆောင်းပါး စာ ၁၆





မြန်မာ့အလင်း 

## လယ်ယာမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်

မိမိတို့နိုင်ငံ၏ စီးပွားရေးတွင် စိုက်ပျိုးရေးသည် အဓိကကဏ္ဍတစ်ခုဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေပြည်သူများ ပါဝင်လုပ်ကိုင်နေကြသည့် ကဏ္ဍဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးတို့မှာ မြေယာကို အခြေပြုရသော လုပ်ငန်းများဖြစ်သည့်အလျောက် မြေအသုံးချမှုများနှင့် စပ်လျဉ်း၍ အနာဂတ်အထိပါ မျှော်မှန်းကာ စနစ်တကျ စီမံခန့်ခွဲကြရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက “မိမိတို့နိုင်ငံတွင် လူသန်း ၁၀၀ အတွက် စိုက်ပျိုးမြေ လုံလောက်စွာရှိရန် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် လယ်ယာမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်” မကြာသေးမီက မှာကြားခဲ့ရာ အနာဂတ်တွင် တိုးပွားလာမည့် လူဦးရေနှင့်အညီ စားရေရိက္ခာဖူလုံစွာ ထုတ်လုပ်ပေးနိုင်ရန် စိုက်ပျိုးမြေများ အကြောင်းအမျိုးမျိုးဖြင့် လျော့ပါးပျောက်ကွယ်မသွားစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုသည်။

မြေသယံဇာတများသည် ထပ်မံတိုးပွားလာနိုင်ခြင်းမရှိသော အရင်းအမြစ်များဖြစ်ရာ ပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်းအတွက်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စသည်ဖြင့် မြေအသုံးချမှုများကို စနစ်တကျစီမံခန့်ခွဲနိုင်မှသာ အနာဂတ်မျိုးဆက်များထိအောင် ရေရှည်တည်တံ့သော မြေအသုံးချမှုများဖြစ်နိုင်မည်ဖြစ်သည်။ လယ်ယာမြေအပါအဝင် ရာသီ သီးနှံ၊ နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ စသည်တို့ စိုက်ပျိုးထုတ်လုပ်နိုင်သော မြေများမှာ အကန့်အသတ်ဖြင့်သာ ရှိနေခြင်းဖြစ်သည့်အတွက် အဆိုပါမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုများအပေါ် ဒေသအာဏာပိုင်များက ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ စည်းကမ်းတကျ ကြပ်မတ်ကြရန် လိုသည်။

လက်ရှိကာလတွင် မြို့မြေ၊ ရွာမြေများသာမက လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများပါမကျန် ဈေးကောင်းကောင်းဖြင့် ရောင်းဝယ်နေကြရာ ယခင်စိုက်ပျိုးမြေများပေါ်တွင် ခြံစည်းရိုးခတ်ခြင်း၊ မြေဖို့ခြင်း၊ အဆောက်အအုံဆောက်ခြင်း၊ အခြားလုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် အချို့လည်း စိုက်ပျိုးခြင်းလည်း မလုပ်၊ မည်သည့်လုပ်ငန်းမှလည်း မလုပ်ဘဲ ထပ်မံခွဲစိတ်ရောင်းချခြင်းတို့ ပြုလုပ်နေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ လျော့နည်းဆုံးရှုံးနေသည်ကို တွေ့မြင်နေရသည်။ လယ်ယာမြေများအပါအဝင် စိုက်ပျိုးမြေများ လျော့နည်းဆုံးရှုံးခြင်းက အနာဂတ်ကာလတွင် စားနပ်ရိက္ခာဖူလုံမှုအပေါ် ခြိမ်းခြောက်လာနိုင်သည့် အန္တရာယ်တစ်ခုဖြစ်သည်ကို ကြိုတင်မျှော်တွေးကြရမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၇ အရ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟူ၍လည်းကောင်း၊ နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ မြေအရင်းအမြစ်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်မညီညွတ်သော မြေအသုံးချမှုများကို ထိထိရောက်ရောက် တားဆီးကာကွယ်အရေးယူရန် အပြင် နိုင်ငံတော်၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်တွင် တိုးတက်လာမည့် လူဦးရေအတွက် စားရေရိက္ခာဖူလုံစေရန် လယ်ယာမြေများ လျော့နည်းဆုံးရှုံးမှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် လယ်ယာမြေများကို အခြားနည်းသုံးစွဲမှုများအား ထိထိရောက်ရောက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၄

ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး သည် မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်သံအမတ် H.E. Mr .Chen Hai ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဥပဒေရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က တရုတ်နိုင်ငံ ဟောင်ကောင်မြို့တွင် ကျင်းပခဲ့သော (၅၉) ကြိမ်မြောက် အာရှ- အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (Asia-Africa Legal Consultative Organization-AALCO)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E Mr. Wong Yi ၏ ဖိတ်ကြားချက်အရ တက်ရောက်ခဲ့ပါကြောင်း၊ AALCO ညီလာခံတွင် တရုတ်နိုင်ငံမှ အဆိုပြုသော theme ဖြစ်သည့် “Upholding International Law for A Community of Shared Future: the Role of Asian and African Countries” အပေါ် ထောက်ခံဆွေးနွေးခဲ့ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ တရုတ်နိုင်ငံ China-ASEAN Legal Research Center နှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU)ကို လက်မှတ်ရေးထိုးရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါ MoU အရ Legislative Research, Cultivation of Legal Talents နှင့် Legal Consulting Services နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ capacity building နှင့် စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအရာရှိများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်အတွက် တရုတ်နိုင်ငံသို့ စေလွှတ်၍ ပညာသင်ကြားစေခဲ့ပါကြောင်း၊ ပညာသင်သွားရောက်သည့် ကျောင်းသားများအား ဥပဒေရေးရာကိစ္စရပ်နှင့် နိုင်ငံတကာအတွေ့အကြုံများ ရရှိရေးလေ့လာစေလျက်ရှိပါကြောင်း၊ China-ASEAN Prosecutors General Conference အား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပနိုင်ရေးအတွက် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဆွေးနွေးလျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ပံ့ပိုးကူညီပေးမှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chen Hai က မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းဒဏ် ထိခိုက်ခံစားခဲ့ရသည့် ဒေသခံပြည်သူများအပေါ် စာနာထောက်ထားမိပါကြောင်း၊ တရုတ်နိုင်ငံက ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် လက်မှတ်ရေးထိုးမည့် MoU ကိစ္စရပ်အပေါ် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များတွင် တရုတ်နိုင်ငံက ပိုမိုပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားလိုပါကြောင်း ဆွေးနွေးသည်။

သတင်းစဉ်

### မင်းလှမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ ကျင်းပ

မင်းလှ မေ ၂၄

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့က အ.ထ.က မင်းလှ(မြို့တွင်း)ကျောင်း သပြေခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်က အမှာစကားပြောကြားသည်။

မင်းလှမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၅၅ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်းတို့၌ ယနေ့မှစ၍ ကျောင်းအပ်လက်ခံခြင်းများကို အခမဲ့ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



### သံဖြူဇရပ်မြို့နယ်၌ ကျောင်းအပ်နှံရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

သံဖြူဇရပ် မေ ၂၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အခြေခံပညာကျောင်းများတွင် မေ ၂၃ ရက်မှ စတင်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများအားလုံးတွင် ကျောင်းအပ်လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျောင်းအပ်နှံရေး သီတင်းပတ် မေ ၂၃ ရက်မှ ၃၁ ရက်အထိ ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ ကျောင်းများမှ ဆရာ ဆရာမများက စနစ်တကျ ကျောင်းအပ်လက်ခံပေးကြကြောင်းနှင့် KG တန်းမှ Grade-5 အထိ ကျောင်းသား ကျောင်းသူများကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းဝတ်စုံ၊ ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များကို အခမဲ့ ထောက်ပံ့ပေးပြီး Grade-6 နှင့် Grade -12 အထိ ကျောင်းသား ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များကို အခမဲ့ထောက်ပံ့ပေးအပ်ကြောင်းနှင့် သံဖြူဇရပ်မြို့နယ်တွင် မေ ၂၃ ရက်မှ ၂၄ ရက်အထိ အခြေခံပညာကျောင်းပေါင်း ၁၃၂ ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၉၉၆ ဦး အပ်နှံထားပြီးဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ

### နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၄

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလေးအနက်ထား ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအနေဖြင့်လည်း ပါဝင်ပူးပေါင်းဆောင်ရွက်ကြစေလို




**စစ်တွေ မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ပေါက်တောမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ (ယာပုံ) ပေါက်တောမြို့နယ် ပြန်လည်ထူထောင်ရေး ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### အလေးအနက်ထားဆောင်ရွက်

တွေ့ဆုံပွဲတွင် ပေါက်တောမြို့နယ် ပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ် ဆန်နီအုန်း၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက မိုခါမုန်တိုင်းဒဏ်ခံခဲ့ရသည့် ပေါက်တောမြို့နယ်အား လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအမံများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများ၏ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလေးအနက်ထားပြီး ပြည်ထောင်စုအဆင့် အနီးကပ်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နေမှု၊ လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ဖြန့်ခွဲနိုင်မည့်အခြေအနေ၊ ထူထောင်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ရေးနှင့် မုန်တိုင်းအလွန်ကာလတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့်အနေအထားဖြစ်အောင် မျှော်မှန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ် ၁၈ မြို့နယ်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်မှ အရာရှိကြီးများ တာဝန်ပေးစေလွှတ်ထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလေးအနက်ထား ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအနေဖြင့်လည်း ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပျက်စီးမှုအနည်းအများနှင့် ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်အတိုင်း ထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးပိုင်းနှင့် ပတ်သက်၍လည်း မုန်တိုင်းဒဏ်သင့်ဒေသများသို့ အထူးကုဆရာဝန်ကြီးများ ဦးစီး၍ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှင့် အထူးကုဆေးအဖွဲ့များ စေလွှတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်သွယ်ရေးကဏ္ဍသည်လည်း အရေးကြီးသည့်အတွက် ပြည်သူလူထု အဆင်ပြေချောမွေ့စွာ ဆက်သွယ်မှုရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ဝန်ထမ်းများက နေ့ညမပြတ် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထောက်ပံ့ရေးစွည်းများ အချိန်မီရောက်ရှိရေးနှင့် လိုအပ်သည့်ဒေသများသို့ စနစ်တကျဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးအတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ပေါက်တောမြို့၌ ကလေးအထူးကု၊ သမားတော်၊ သွားနှင့် ခံတွင်းအထူးကု၊ မျက်စိအထူးကု၊ အရိုးအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကာ လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် ပေါက်တောမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ ပေါက်တောမြို့နယ်၌ ဆေးကုသမှုခံယူရန် စောင့်ဆိုင်းနေသည့် ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပေါက်တောမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအပ်နှံနေသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းလွယ်အိတ်များ ပေးအပ်စဉ်။

ထို့နောက် ပေါက်တောမြို့ ဘဝမ်းကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် အမိုးသွပ်များကို ဆက်ကပ်လှူဒါန်းသည်။

### အလှူငွေပေးအပ်

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### ငွေကျပ် ၂၂၅၆ သိန်း လက်ခံရရှိ

ယနေ့အခမ်းအနားတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၂၂၅၆ သိန်း လက်ခံရရှိခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် နေပြည်တော်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်၍ မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြတ်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီး ဦးစိုးကြည်တို့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမမှ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် စစ်တွေမြို့နယ် ကျက်တောပြင်ကျေးရွာရှိ ကျွဲ၊ နွား ၁၂၁ ကောင်ကို လည်ချောင်းကျွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ထိခိုက်ဒဏ်ရာနှင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

နာမကျန်းဖြစ်ပွားလျက်ရှိသည့် ကျွဲ၊နွား ၂၃ ကောင်နှင့် အင်အားချည့်နဲ့ ကျွဲ၊ နွား ၅၂ ကောင်ကို အားဆေးထိုးနှံခြင်း၊ အုန်းရေဖော်ကျေးရွာရှိ ကျွဲ၊ နွား အကောင် ၂၀ ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ထိခိုက်ဒဏ်ရာနှင့် နာမကျန်းဖြစ်ပွားလျက်ရှိသည့် ကျွဲ၊နွား ငါးကောင်နှင့် အင်အားချည့်နဲ့ ကျွဲ၊ နွား ခုနစ်ကောင်တို့ကို အားဆေးထိုးနှံခြင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် စစ်တွေတပ်နယ်အတွင်းရှိ နွား ၁၁၇ ကောင်ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ နာမကျန်းဖြစ်ပွားလျက်ရှိသည့် နွား ရှစ်ကောင်ကို ဆေးကုသပေးခြင်း၊ ဝက် ၁၂ ကောင်ကို ဝက်ပလိပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ သံချဆေးနှင့် အားဆေးများ ထိုးနှံပေးခြင်းနှင့် နာမကျန်းဝက်တစ်ကောင်ကို ဆေးကုသပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် မုန်တိုင်းဒဏ်သင့်မြို့နယ်များအတွင်းရှိ ကျေးရွာများတွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ကုသမှုလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း စစ်တွေမြို့၌ ပြုလုပ်သည့် မိုခါမုန်တိုင်းဒဏ်သင့် ဒေသများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူငွေများ လက်ခံရယူစဉ်။**

# မြန်မာ(နေပြည်တော်) - တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲအကြို ညစာစားပွဲ လုပ်ငန်းရှင် ၃၀၀ တက်ရောက်

**နေပြည်တော် မေ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်လင်ချန်းမြို့ ပြည်သူ့အစိုးရတို့ ပူးပေါင်း၍ မြန်မာ (နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ နေပြည်တော်တွင် မေ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါ ကုန်စည်ပြပွဲ၏ အကြိုညစာစားပွဲကို ယနေ့ ညနေ ၆ နာရီခွဲတွင် Horizon Lake View Hotel ၌ ကျင်းပသည်။





ညစာစားပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ Jeng Phang နော်တောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ မြို့တော်ဝန်နှင့် မြန်မာ - တရုတ် နှစ်နိုင်ငံမှ ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကုန်စည်ပြပွဲအထိမ်းအမှတ် လက်ဖက်ခြောက် ဘူးပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး **(အပေါ်ပုံ)** လင်ချန်းမြို့ မြို့တော်ဝန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ညစာသုံးဆောင်နေချိန်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှုအနုပညာ ရှင်များက အကပဒေသာများဖြင့် တင်ဆက်ကပြ ဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် လင်ချန်းမြို့ မြို့တော်ဝန်တို့က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင် ၃၀၀ ခန့် ပါဝင်တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံကုန်သည်လုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မိတ်ဆက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တပ်နယ်များ၏ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် တပ်ရင်း/တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း

**နေပြည်တော် မေ ၂၄**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် ရောက်ရှိနေသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မင်းပြားတပ်နယ်ရှိ မုန်တိုင်းသင့်၍ပျက်စီးခဲ့သော နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များရှိ အဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး မှာကြားခဲ့ပြီး အိမ်ထောင်သည်ရဲမေများကို တွေ့ဆုံအားပေးစကား ပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်သည်။



ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် အဆိုပါ တပ်နယ်တပ်ရင်းများ၌ မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံနှင့် ဝက်မွေးမြူရေးခြံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဥစားကြက်များ၏ ဥနှုန်းများ သတ်မှတ်နှုန်းထား ပြန်လည်ပြည့်မီနိုင်ရေး စီမံဆောင်ရွက်သွားရန်၊ အစာပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် နယ်မြေခံတပ်ရင်း၏ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ ပျက်စီးမှုရာခိုင်နှုန်းများအလိုက် ဦးစားပေးအဆင့် သတ်မှတ်ကာ ပြန်လည်ပြင်ဆင်တည်ဆောက်သွားရန် မှာကြားခဲ့ပြီး အိမ်ထောင်သည်ရဲမေ၊ မိသားစုဝင်များကို တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ရသေ့တောင်တပ်နယ်သို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ရသေ့တောင်တပ်နယ်ရှိ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များရှိ အဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေး၍ ဦးစားပေးအဆင့် သတ်မှတ်ချက်များအလိုက် အမြန်ဆောက်လုပ်ပေးသွားရန် မှာကြားခဲ့ပြီး အိမ်ထောင်သည်ရဲမေ၊ မိသားစုဝင်များကို တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်သည်။ ယင်းနောက် ရသေ့တောင်မြို့တွင် ရောက်ရှိနေသော တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ၎င်းအဖွဲ့တွင်ပါဝင်သည့် ရေသန့်ယာဉ်များမှ ရေသန့်ထုတ်လုပ်နေမှုများ **(အပေါ်ပုံ)**နှင့် ရသေ့တောင်မြို့အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရသေ့တောင်မြို့ မြသာကန်အတွင်းမှ ရေများကို ရေသန့်ယာဉ်များဖြင့် သန့်စင်၍ ပေးဝေနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် စစ်တွေတပ်နယ်ရှိ မုန်တိုင်းဒဏ်သင့်၍ ပျက်စီးခဲ့သော တပ်ရင်းတပ်ဖွဲ့များရှိ အဆောက်အအုံများကို လိုက်လံကြည့်ရှုကာ မိုးမကျမီ တပ်ရင်း၊ တပ်ဖွဲ့မိသားစုများ အဆင်ပြေချောမွေ့စွာ ပြန်လည်နေထိုင်နိုင်ရေးအတွက် ပြုပြင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကြက်ဥ နှင့် ခေါက်ဆွဲခြောက်များ ပေးအပ်သည်။

ဆက်လက်ပြီး ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိနယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကာ ထိခိုက်ပျက်စီးခဲ့မှုများအား ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ လယ်ဝေးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲတက်ရောက်

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်ရှိ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ခွန်စံလွင်နှင့် ဦးရွှေကြိမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာများမှ လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

**အိမ်ထောင်စု ၂၅၅ စုအား လှူဒါန်းသွားမည်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ဧပြီ ၂၁ရက်က ဖြစ်ပွားခဲ့သည့် လေပြင်းဘေးကြောင့် ထိခိုက်ခံစားခဲ့ရသည့် လယ်ဝေးမြို့နယ် ကန်သာကျေးရွာအုပ်စု တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းများအနေဖြင့် ကိုယ့်သွေးချင်းသားရင်း ပမာ လူမျိုးဘာသာမခွဲခြားဘဲ လူသားချင်း စာနာစိတ်အပြည့်ဖြင့် စားရေရိက္ခာဖူလုံစေရန် တစ်ထောင့်တစ်နေရာမှ ပါဝင်လှူဒါန်း ထောက်ပံ့ရခြင်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့တို့ကိုယ်စား လေဘေးသင့်အိမ်ထောင်စု ၂၅၅ စုတို့အား ဆန်၊ ဆီရိက္ခာများ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လေဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ကျေးရွာများအား စနစ်တကျပြန်လည် ထူထောင်နိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် စေတနာရှင်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့်ပစ္စည်းများနှင့် ငွေများအား အလေအလွင့်မရှိစေရေး မှတ်တမ်းပြုစု ဆောင်ရွက်လျက်ရှိကြောင်း၊ လေဘေးသင့်ကျေးရွာနှစ်ရွာအား ပြန်လည်ထူထောင်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေများ၊ ဆန်၊ ဆီရိက္ခာများ ထောက်ပံ့လှူဒါန်းပေးကြသည့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့တို့အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ထောက်ပံ့လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ထောက်ပံ့လှူဒါန်းသည့် ဆန်၊ ဆီရိက္ခာများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အရာထမ်း၊ အမှုထမ်းများက လှူဒါန်းသည့် လှူဒါန်းငွေကျပ် ၄၂၈၇၀၀ ကိုလည်းကောင်း ထောက်ပံ့လှူဒါန်းကြရာ လေဘေးသင့်အိမ်ထောင်စုများ၏ကိုယ်စား လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် လေဘေးသင့်ကျေးရွာမှ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**အားပေးစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

လေဘေးသင့်အိမ်ခြေ ၂၅၅ အိမ်အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ တန်ဖိုး ငွေကျပ် ၉၀၀၀ နှုန်းဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၉၂ သိန်းခန့်နှင့် ထောက်ပံ့ငွေကျပ် ၄၂၈၇၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)မှ သင်တန်းသား သင်တန်းသူများ ရန်ကုန်မြို့ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက် စင်တာနှင့် မှော်ဘီလေတပ်စခန်းသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၂၄**

ရန်ကုန်မြို့သို့ရောက်ရှိနေသည့် တပ်မတော်(ရေ)မှ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၃) ကျိုင်းတုံစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ အင်းယားစခန်းနှင့် ကိုကိုးကျွန်းစခန်းတို့မှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မှော်ဘီလေတပ်စခန်းသို့ လေ့လာရေးခရီး သွားရောက်ကြသည်။**(အောက်ပုံ)** ဦးစွာ လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော အထွေထွေဗဟုသုတများကို တပ်မတော်(လေ)မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။



**လက်တွေ့လိုက်ပါစီးနင်း**

ထို့နောက် ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများ လေယာဉ်ပျံသန်းမှု အတွေ့အကြုံရရှိစေရန် တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြစ်သော Y-12 လေယာဉ်တို့ဖြင့် အလှည့်ကျ လက်တွေ့လိုက်ပါစီးနင်းကြပြီး လေယာဉ်ပျံသန်းစီးနင်းရာတွင် လိုက်နာရမည့်အချက်များနှင့် လေကြောင်းဆိုင်ရာ အတွေ့အကြုံများကို တာဝန်ရှိသူများက လေယာဉ်ပေါ်၌ ရှင်းလင်းပြသခဲ့ကြသည်။

**အသေးစိတ်ရှင်းလင်း**

ဆက်လက်ပြီး ကျောက်ဖြူစခန်း၊ စစ်တွေစခန်း၊ ပုသိမ်စခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်းနှင့် မန္တလေးစခန်းတို့မှ ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများသည် လှိုင်မြို့နယ်ရှိ နျူကလီးယား နည်းပညာသတင်းအချက်အလက် စင်တာသို့ သွားရောက်လေ့လာကြသည်။ ထိုသို့ လေ့လာရေးခရီးလာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား နျူကလီးယား နည်းပညာသတင်းအချက်အလက် စင်တာမှ တာဝန်ရှိသူများက ပြခန်း ခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစား တစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြ နမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင် ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယား နည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယား ဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind tubine နမူနာပုံစံငယ်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

**လေ့လာကြည့်ရှု**

ထို့နောက် ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတက်ရောက် ဖွင့်လှစ်ပေး

**တောင်ကြီး မေ ၂၄**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အဆိုပါကျောင်း ဒေါ်ခင်သိန်းခန်းမ၌ကျင်းပရာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကျောင်းအပ်နှံရေးနေ့ သီချင်းဖြင့် ဖွင့်လှစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက် သတ်မှတ်ကာလအတွင်း သင်ယူပြီးမြောက်စေရေးအတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေသည့် ကလေးတိုင်း ကျောင်းနေမြဲရေးလုပ်ငန်းကို ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအသင်းအဖွဲ့ဝင်များ၊ ပညာရေးစေတနာရှင်များနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင် ပံ့ပိုးကူညီမှုများဖြင့် နှစ်စဉ်နှစ်တိုင်း မေလနောက်ဆုံးရက်သတ္တပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီး အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်နှံရေး အခမ်းအနားများ ဆောင်ရွက်ကြပါကြောင်း၊ ပညာသင်နှစ်အစပိုင်းတွင် မိဘများ အခက်အခဲမရှိစေဘဲ သားသမီးများကို ကျောင်းအပ်နှံနိုင်ရေး အတွက် ပညာရေးဝန်ကြီးဌာနက ဗလာစာအုပ်၊ ဘောပင်၊ခဲတံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပုံနှိပ် ပြဋ္ဌာန်းဖတ်စာအုပ်များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပြီး အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေမြဲရေးအတွက် လိုပါကြောင်း၊ ယင်းအပြင် ကျောင်းသား ကျောင်းသူများအတွက် သင်ယူမှုဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် ပညာရေးဝန်ကြီးဌာနက ကျောင်းထောက်ပံ့ကြေးနှင့်ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းအဆင့် (Grade-9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊မွေးမြူရေး ပညာရပ်များကို သင်ယူလေ့လာခွင့်ရရှိနိုင်ရေး အတွက် ခရိုင် (၅၀) ၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်း ကျောင်း (၅၁) ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့် (Grade-9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများသည် အခြေခံပညာ အထက်အဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ် လေးမျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများရှိပါကြောင်း၊ အလယ်တန်းအဆင့် (Grade-9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အခြေခံပညာ အထက်တန်းကျောင်း (၅၁) ကျောင်းတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်း သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က "ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေး မဝေးဖို့ ကျောင်းအမြန်အပ်နှံစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းရောက်ရန် မိဘများ၏ အဓိကတာဝန်ဖြစ်ကြောင်း ပြောကြားသည်။

### အခမဲ့ပုံနှိပ်စာအုပ်ပေးအပ်

ယင်းနောက် ကျောင်းအပ်နှံရေးအခမ်းအနားတွင် အခမဲ့ပုံနှိပ်စာအုပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပေးအပ်ရာ ပြည်နယ်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က လည်းကောင်း၊ အခမဲ့ဗလာစာအုပ်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်ရာ တောင်ကြီးခရိုင် ပညာရေးမှူး ဒေါ်ယမင်းစုက လည်းကောင်း၊ ကျောင်းဝတ်စုံများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူးကပေးအပ်ရာ လွိုင်လင်ခရိုင် ပညာရေးမှူး ဒေါက်တာ မြင့်မြင့်အေးကလည်းကောင်း၊ (Grade-5) သင်ထောက်ကူပစ္စည်းများကို ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်ကပေးအပ်ရာ လင်းခေးခရိုင် ပညာရေးမှူး ဦးညီညီက လည်းကောင်း၊ (Grade-8) သင်ထောက်ကူပစ္စည်းများကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ပေးအပ်ရာ ပင်းတယခရိုင် ပညာရေးမှူး ဦးခင်ဇော်ထွန်း က လက်ခံရယူကြသည်။

ယင်းနောက် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အ.ထ.က(၇) ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ပညာရေးပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများသည် မွန်းတည့် ၁၂ နာရီ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပေါင်လင်းကျေးရွာအုပ်စုတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ပေါင်လင်း) ဖွင့်လှစ်နိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

### ဖြန့်ဝေပေးလျက်ရှိ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပေါင်လင်းကျေးရွာအုပ်စု ဒုံမေးခိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) နှင့် စငေါ်ကျေးရွာ အုပ်စုအခြေခံပညာ မူလတန်းကျောင်း (နမ့်ဟူး) တို့တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပညာရေးဝန်ကြီးဌာနက ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပုံနှိပ်ပြဋ္ဌာန်း ဖတ်စာအုပ်များကို အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမတွင် အမှတ်(၄)၊ အမှတ် (၆) အခြေခံပညာအထက်ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မူမှန်ပြက္ခဒိန် ရောင်းချမည်

**နေပြည်တော် မေ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၅-၁၃၈၆ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၄ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)ဖြင့် ရုံးအမှတ် (၃၅) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (နေပြည်တော်) တွင် ရောင်းချသွားမည်ဖြစ်သည်။

ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေဖြန့်ချိသူများအနေဖြင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ရိုက်နှိပ်ဖြန့်ချိနိုင်မည်ဖြစ်ပါကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ် ပေးသွင်းလျက်ရှိပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကသာမြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပွဲကို မေ ၂၃ ရက်က အ.ထ.က-၂ ကျောင်းဝင်း အတွင်း၌ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀ ကျော်က သစ်ပင်များ စိုက်ပျိုးကြစဉ်။

လူအောင်(ကသာ)

# မိုခါမုန်တိုင်းဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ ပေးပို့သည့် အကူအညီပစ္စည်းများကို လွှဲပြောင်းလက်ခံ



**ရန်ကုန် မေ ၂၄**
ထိုင်းနိုင်ငံဘုရင်မင်းမြတ် His Majesty King Maha Vajiralongkorn Phra Vajiraklaochaoyuhua နှင့် မိဖုရား Her Majesty Queen Suthida Bajrasudhabimalalakshana ၊ ထိုင်းနိုင်ငံအစိုးရ၊ ထိုင်းကြက်ခြေနီအသင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း၊ ထိုင်းပုဂ္ဂလိကကဏ္ဍနှင့် ထိုင်းပြည်သူများမှ မိုခါမုန်တိုင်းဒဏ်သင့်ဒေသရှိပြည်သူများထံသို့ ပေးပို့လှူဒါန်းသည့် ယာယီတဲများနှင့် အမိုးအကာများ၊ ဆိုလာမီးအိမ်များ၊ ကယ်ဆယ်ရေးအိတ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ငါးသေတ္တာများနှင့် အသင့်စားခေါက်ဆွဲခြောက်များ သယ်ဆောင်လာသည့်ထိုင်းတော်ဝင်လေတပ်မှ C-130 လေယာဉ်နှစ်စင်းသည် မေ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

လေဆိပ်သို့ ရောက်ရှိလာသည့် အကူအညီပစ္စည်းများအား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမုံခွန်း ဝိစစ်စတန်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ လွှဲပြောင်းပေးအပ်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**ဆက်လက်ပေးပို့ ဖြန့်ဖြူးသွားမည်**

ထိုင်းဘုရင်မင်းမြတ်နှင့် မိဖုရားနှင့် ထိုင်းပြည်သူတို့က လှူဒါန်းသည့် တန်ချိန် ၂၀ ခန့်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား မိုခါမုန်တိုင်းဒဏ်သင့် ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပေးပို့ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## "မဲခေါင် - လန်ချန်းနိုင်ငံများတွင် အများပါဝင်နိုင်သော၊ စဉ်ဆက်မပြတ်သော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် အလေ့အကျင့်ကောင်းများဆိုင်ရာ ဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ" ကျင်းပ

**နေပြည်တော် မေ ၂၄**
မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ "မဲခေါင်–လန်ချန်းနိုင်ငံများတွင် အများပါဝင်နိုင်သော၊ စဉ်ဆက်မပြတ်သောရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် အလေ့အကျင့်ကောင်းများဆိုင်ရာ ဒေသတွင်းအဆင့် ဆွေးနွေးပွဲ" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Chen Hai ၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်တို့က အဖွင့်အမှာစကားများပြောကြားခဲ့ပြီး မဲခေါင် – လန်ချန်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများမှ အကြီးအကဲများက အွန်လိုင်းမှတစ်ဆင့် မိတ်ဆက်စကား ပြောကြားခဲ့ကြသည်။




အဆိုပါဆွေးနွေးပွဲကို မဲခေါင် – လန်ချန်း ဒေသတွင်း၌ အများပါဝင်အကျိုးခံစားနိုင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်နိုင်ရေးအတွက် မဲခေါင် – လန်ချန်းအဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနများအနေဖြင့် ကာလတို၊ ကာလလတ်နှင့် ကာလရှည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ ရေးဆွဲချမှတ်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍမှ စွန့်ဦးတီထွင်လုပ်ငန်းများကလည်း ယင်းတို့၏ အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းပုံစံနှင့် အကောင်းဆုံး အလေ့အကျင့်များကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ နိုင်ငံတကာနှင့် ဒေသတွင်းမှ ကျွမ်းကျင်ပညာရှင်များ၊ မဲခေါင် – လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၃ ဦးတို့က အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးသည်။

ဆက်လက်၍ မဲခေါင် – လန်ချန်း အဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနများမှ နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆောင်ရွက်ချက်များကို လည်းကောင်း၊ ယင်းတို့ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အများပါဝင်အကျိုး ခံစားနိုင်သောစီးပွားရေးလုပ်ငန်းပုံစံများနှင့် လုပ်ကိုင်ဆောင်ရွက်နေသည့် အလေ့အကျင့်ကောင်းများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြပြီး အမြင်ချင်းဖလှယ် ဆွေးနွေး၍ အကြံပြုချက်များ ပံ့ပိုးပေးခဲ့သည်။

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Mongkol Visitstump၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ မဲခေါင် – လန်ချန်း အဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများမှ ကိုယ်စားလှယ်များ၊ မဲခေါင်–လန်ချန်းအဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများနှင့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို မေ ၂၅ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်မဲမြို့နယ်၌ မိုးစပါးသီးနှံ တစ်ဧက အထွက်နှုန်း ၁၀ တင်းပိုမိုထွက်ရှိရေး တောင်သူပညာပေးသင်တန်းဖွင့်



**အိမ်မဲ မေ ၂၄**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာတွင် ၂၀၂၃–၂၀၂၄ ခုနှစ် မိုးစပါးသီးနှံ တစ်ဧကအထွက်နှုန်း ၁၀ တင်း ပိုမိုထွက်ရှိရေး တောင်သူပညာပေးသင်တန်းကို ယမန်နေ့နံနက် ၉ နာရီတွင် ဖွင့်လှစ်ရာ မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်း အမှာစကားပြောကြားသည်။

အဆိုပါ တောင်သူပညာပေးသင်တန်းတွင် တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်း မြေအသုံးချရေး ဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်ကျော်ဦးနှင့်အဖွဲ့က မြေဩဇာများ စနစ်တကျသုံးစွဲရေးနှင့်မြေနမူနာခေတ်ခွဲစစ်ဆေးခြင်း၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ ခေါင်နှံစနစ်၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ စပါးရောဂါများနှင့်ပေါင်းဘက်စုံကာကွယ်နှိမ်နင်းနည်း၊ စပါးပိုးမွှားများနှင့် ကြွက်ဘက်စုံကာကွယ်နှိမ်နင်းနည်းတို့ကို Power Point ဖြင့် အသီးသီး ဆွေးနွေးသင်ကြားပေးခဲ့သည်။

**ဖွံ့ဖြိုးတိုးတက်လာမည်**

အဆိုပါသင်တန်းသို့ ဘုရားကြီးကုန်းကျေးရွာအုပ်စုနှင့် အနီးအနားပတ်ဝန်းကျင်မှ စိုက်ပျိုးရေး စိတ်ပါဝင်စားသော တောင်သူ ၇၂ ဦးခန့် တက်ရောက်ခဲ့ပြီး ယင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းကြောင့် မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် မကွေးမြို့အနီးရှိ ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နှင့် ယနေ့တွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့အနီးရှိရေဝတီမြစ်၏ ရေအရင်းအမြစ်၊ မြစ်ရေလမ်းကြောင်းအခြေအနေနှင့် မကွေးမြို့အနီးရှိ ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid) ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ချောက်မြို့အနီး ဧရာဝတီမြစ်၏ ရေအရင်းအမြစ်၊ မြစ်ရေစီးဆင်းမှုနှင့် အောက်ခံကျောက်သား တွေ့ရှိမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့က မင်းလှမြို့အနီးရှိ ဧရာဝတီမြစ်၏ ရေအရင်းအမြစ်နေရာနှင့် ယနေ့တွင် ချောက်မြို့အနီး ဧရာဝတီမြစ်၏ ရေအရင်းအမြစ်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးဌေးအောင် တို့က ဧရာဝတီမြစ်ဝှမ်းဆိုင်ရာ အချက်အလက်များ၊ မင်းလှမြို့နှင့် ချောက်မြို့အနီးရှိ ဧရာဝတီမြစ်၏ ရေလမ်းကြောင်း အခြေအနေ၊ ရေမျက်နှာပြင် အနိမ့်အမြင့် ကွာခြားချက်နှင့် ရေအတိမ်အနက်အခြေအနေ၊ ရေစီးနှုန်းနှင့် မြစ်ရေထုထည်စီးနှုန်း အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇက်ရေယာဉ်များဖြင့် မင်းလှမြို့နှင့် ချောက်မြို့အနီးရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေစီးဆင်းနေမှု၊ မြစ်ကြောင်းအတွင်း အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှု၊ ရေကြောင်းသွားလာမှု၊ မြစ်ကမ်းပါး ဝဲ/ယာရှိ ဘူမိဗေဒအခြေအနေနှင့် သဲနုန်းပို့ချမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မကွေးမြို့အနီးရှိ ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid) ဓာတ်အားပေးစက်ရုံ စီမံကိန်းသို့ရောက်ရှိရာ ကုမ္ပဏီတာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ရက်များတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် လက်ရှိရောက်ရှိနေသည့် ဓာတ်အားပေးစက် ကိုးလုံးအပြင် ထပ်မံရောက်ရှိရန် ကျန်ရှိသည့် ဓာတ်အားပေးစက် လေးလုံးနှင့် ထရန်စဖော်မာများကို သတ်မှတ်ကာလအတွင်း ရောက်ရှိနိုင်ရေးနှင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီတွင် ဓာတ်အားအပြည့်အဝ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ချိန်တည်း တစ်ပြိုင်တည်း လုပ်ဆောင်ရမည့် ကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် ဟန်ချက်ညီဆောင်ရွက်ရန်၊ အခက်အခဲများရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း Solar Panel များ တပ်ဆင်ရန် မြေပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ Engine Foundation လုပ်ငန်းများဆောင် ရွက်ပြီးစီးမှု၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးအင်ဂျင်စက်ကြီးများ ရောက်ရှိနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid) ဓာတ်အားပေးစက်ရုံစီမံကိန်းသည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သပြေစမ်းကျေးရွာအနီးရှိ မြေဧရိယာ ၅၉၈ ဧကပေါ်တွင် တည်ဆောက်လျက်ရှိပြီး စက်တပ်ဆင်အင်အားမှာ Solar ၁၂၂ မဂ္ဂါဝပ်နှင့် Gas Engine ၁၂၆ မဂ္ဂါဝပ် နှစ်မျိုး တပ်ဆင်ထားရှိပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက ထွက်ရှိလာမည့် ဓာတ်အားများကို ၁၃၂ ကေဗွီ မကွေးပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးသွားမည်ဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၃၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်မှုဖြင့် ငွေကျပ်သိန်း ၅၃၀၀ ကျော် ထောက်ပံ့

**ပဲခူး မေ ၂၄**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့်မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို မေ ၂၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရက မုန်တိုင်းဘေးဒဏ်ခံစားခဲ့ရသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပြန်လည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ စေတနာရှင် အလှူရှင်များ ပေးအပ်လှူဒါန်းသည့် အလှူငွေများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနသို့ ပေးအပ်လှူဒါန်းပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရက အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ခွဲဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူးတို့ထံ အလှူရှင်များက အလှူငွေနှင့် စားသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က လာရောက် လှူဒါန်းကြသည့် ဌာနဆိုင်ရာများ၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရခိုင်ပြည်နယ် အတွင်း မုန်တိုင်းဒဏ်သင့် မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ အလှူငွေကျပ် ၄၅၀၆၇၂၀၀၀၊ ပစ္စည်းတန်ဖိုး ၈၂၃၅၈၅၀၀ စုစုပေါင်း လှူဒါန်းမှု တန်ဖိုးငွေကျပ် ၅၃၃၀၃၀၅၀၀ ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မေ ၂၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Construction and Development Infrastructure Co., Ltd. မှ တင်သွင်းလာသော Volkswagen ID-4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၂၀ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်းနှင့် အဆိုပါလျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်း**

**စိမ်းလန်းဖို့**

**သစ်ပင်စိုက်ပျိုး**

**ထိန်းသိမ်းစို့**

# (၅၁) ကြိမ်မြောက် အာရှဗဟိုဘဏ်များငွေစာရင်းရှင်းလင်းရေးအဖွဲ့ (အေစီယူ)ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ရွှေဝါနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အေစီယူတာဝန်ခံ အရာထမ်းတို့သည် ယနေ့ မွန်းလွဲ ၁၂နာရီ၄၅ မိနစ်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသည့် (၅၁) ကြိမ်မြောက် အာရှဗဟိုဘဏ်များငွေစာရင်း ရှင်းလင်းရေးအဖွဲ့ (အေစီယူ)ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ Video Conferencing ဖြင့် တက်ရောက်သည်။ **(ယာပုံ)**

**လေ့လာသူအဖြစ် တက်ရောက်**

အစည်းအဝေးသို့ အေစီယူအဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အီရန်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နီပေါနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဘူတန်နိုင်ငံ၊ မော်လဒိုက်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။ ထို့အပြင် ရုရှားနိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ဘီလာရုစ်နိုင်ငံနှင့် အစ္စလာမ့်စ် ဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များသည် လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှင့် အလားအလာများ၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အေစီယူ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အေစီယူ ကျွမ်းကျင်မှုကော်မတီမှ အကြံပြုတင်ပြချက်များဖြစ်သော နိုင်ငံဖြတ်ကျော်ပေးချေမှုများနှင့် ဗဟိုဘဏ် ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများ ပိုမိုတိုးတက်လာစေရေး၊ အေစီယူနိုင်ငံများအကြား ပြည်တွင်းသုံးငွေကြေးဖြင့် ပေးချေမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အေစီယူစနစ် ပိုမိုကျယ်ပြန့် အားကောင်းခိုင်မာလာစေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





---

✻ *ရှေ့ဖုံးမှ*

ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် အဝတ်အထည်များနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့တွင်လည်း တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ဝန်ကြီးဌာနများမှ လှူဒါန်းသည့် စားသောက်ဖွယ်ရာ ပစ္စည်းများ၊ ဆေးကုသရေးဆိုင်ရာ ပစ္စည်းများ၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး ပစ္စည်းများ၊ မိုးကာလိပ်များ၊ အဝတ်အထည်များ၊ ရေသန့်ဆေးပြားများ၊ ရာဖွေကယ်ဆယ်ရေး ပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ဆေးပစ္စည်းများနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ကော်ဖီထုပ်များ၊ သွားတိုက်ဆေးများ၊ စည်သွတ်ဘူးများကို တင်ဆောင်၍ရန်ကုန်မြို့ရှိမင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် သုံးကြိမ် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၄**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ ဂူဝဘုရား တောင်တက်လမ်းတစ်လျှောက်ရှိ လဲကျနေသော သစ်ပင်၊သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။



**သောက်သုံးရေများဖြန့်ဖြူးပေး**

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စေတီတောင်ရပ်ကွက်နှင့် ဆားပြင်ကွင်းရပ်ကွက်တို့တွင် ချက်ပြုတ်စားသောက်မှု အဆင်ပြေစေရေး သောက်သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်ကွက်များအတွင်း သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မောင်တောမြို့ ကံတိုင်းအောင်ကျေးရွာနှင့် ပဲရုံကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကံတိုင်းအောင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၌ ကျောင်းဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများ စာသင်ကြားနိုင်ရေး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် တောင်ရင်းတန်းရပ်ကွက်၌ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် အရှေ့မြောက်ရပ်ကွက်တွင် လျှပ်စစ်မီး အမြန်ပြန်လည်ရရှိရေး မီးကြိုးများ ပျက်စီးနေမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စာသင်ချိန်အမီ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဘူးသီးတောင်မြို့ရှိ အမှတ် (၁)အခြေခံပညာအလယ်တန်းကျောင်း၌ လဲကျနေသော သစ်ပင်ကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကင်းချောင်းကျေးရွာနှင့် ကကျက်ဘတ်ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ဖြန့်ဝေပေးလျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများအနေဖြင့်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်လာပါက အမြန်ဆုံးသွားရောက်နိုင်ရေး ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံ ဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# နတ်တလင်းမြို့နယ်၌ မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်



**နတ်တလင်း မေ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ရေနုတ်မြောင်းများ မိုးတွင်းကာလရေစီးရေလာကောင်းမွန်စေရန် ရည်ရွယ်၍ ရေနုတ်မြောင်းများ တူဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

အဆိုပါ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ၊ တာဝန်ခံ အင်ဂျင်နီယာနှင့်အဖွဲ့တို့က မိုးဦးမကျမီ မြို့ပေါ်ရပ်ကွက် လမ်းဘေးဝဲယာများရှိ ရေနုတ်မြောင်းများ၊ ပင်မရေနုတ်မြောင်းကြီးများကို လူအင်အား၊ စက်ယန္တရားများဖြင့် အချိန်မီပြီးစီးအောင် နေ့စဉ်ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

# ဒုတိယဗိုလ်ချုပ်ကြီး လှုအေး ကျောက်ဖြူမြို့၌ သောက်သုံးရေအခက်အခဲဖြစ်နေသည့် ဒေသခံပြည်သူများကို သောက်သုံးရေဖြန့်ဝေပေးမှုအခြေအနေအား ကြည့်ရှုစစ်ဆေး

ကျောက်ဖြူ မေ ၂၄

ဒုတိယဗိုလ်ချုပ်ကြီး လှုအေးနှင့် တာဝန်ရှိသူများသည် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ကျောက်ဖြူမြို့တွင် မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သောက်သုံးရေအခက်အခဲဖြစ်နေသည့် ရခိုင်ပိုက်ဆိပ်ရပ်ကွက်နှင့် စေတီတောင်ရပ်ကွက်တို့မှ ဒေသခံပြည်သူများကို ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီး၊ တပ်မတော်မှ ရေဂါလန် ၂၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား သောက်သုံးရေဖူလုံစွာရရှိနိုင်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး လှုအေးနှင့် တာဝန်ရှိသူများသည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ရဲလွင်မောင်က မုန်တိုင်းတိုက်ခတ်မှု




ကြောင့် ပျက်စီးမှုများနှင့် ပြန်လည်ပြင်ဆင်ပြီးစီးမှုများအား ရှင်းလင်းတင်ပြပြီး ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်သည့် မီးစက်ခေါင်မိုး အဆောက်အဦအား သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး အာဟာရဖြည့်အစားအစာများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး လှုအေးနှင့် တာဝန်ရှိသူများသည် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရှိ ဂိုဒေါင်နေရာများသို့ သွားရောက်ကာ အိမ်ထောင်စု ၅၀၀ အတွက် ထားရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ၊ သွပ်များ၊ မိုးကာများ၊ တာပေါ်လင်စများ အစရှိသည့် ထောက်ပံ့ရေးပစ္စည်းများအား ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး မှာကြားပြီး လေ့ကျင့်ရေးအလယ်တန်းကျောင်းသို့ ရောက်ရှိကာ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းခေါင်မိုးခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး လှုအေးနှင့် တာဝန်ရှိသူများသည် ကျောက်ဖြူဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် အဆောက်အဦများ ပျက်စီးမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးကာ ရိပ်သာနေဘိုးဘွားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားပြီး စားရေရိက္ခာနှင့် အလှူငွေများ လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ (ဓာတ်ပုံ)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး လှုအေးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ မိုခါမုန်တိုင်းကြောင့် ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လူနေအိမ်များ ပျက်စီးသွားသည့် အဆောက်အဦများကို စာရင်းကောက်ယူရေးနှင့် စာရင်းဇယားများတိကျမှန်ကန်စွာရရှိရေးတို့ကို ရှင်းလင်းပြောကြားရာ ဌာနဆိုင်ရာများ၏ တင်ပြချက်အပေါ် ဒုတိယဗိုလ်ချုပ်ကြီး လှုအေးမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် စာသင်ကျောင်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ယာပုံ)** ထို့နောက် လေဘေးသင့်ပြည်သူများကို နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် သောက်သုံးရေဖြန့်ဝေပေးနေမှုများ သွားရောက်ကြည့်ရှုပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ချင်းပြည်နယ် ဟားခါးမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်သည် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် လေဘေးသင့် အိမ်ထောင်စု ၈၂ စု အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အမိုးသွပ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲသွားသည့် သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရမ်းဗြဲမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် ဇော်မင်းအေးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် စာသင်ကျောင်းများ၊စာကြည့်တိုက်များ၊သာသနိကအဆောက်အဦများ၊ ဌာနဆိုင်ရာ အဆောက်အဦများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြေပုံမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် သာသနိကအဆောက်အဦများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အလှူငွေများ လှူဒါန်းခဲ့သည်။ ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံရှိ လေဘေးသင့်ဒေသများမှ ဆေးကုသရန် ရောက်ရှိနေသော လူနာများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး အာဟာရဒါနအဖြစ် ကြက်ဥနှင့်



ခေါက်ဆွဲခြောက်များ လှူဒါန်းခဲ့သည်။

အလားတူ မြောက်ဦးခရိုင် မင်းပြားမြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ဦးဥတ္တမပန်းခြံနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ မြို့နယ်ရှိ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူတစ်ဦးက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဇေယျာသုခပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆေးကုသပေးမှုများကို ကြည့်ရှုကာ အားပေးစကား ပြောကြားသည်။

ထို့အတူ မြောက်ဦးခရိုင် မာန်အောင်မြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် တိုင်းရင်းဆေးကုဌာန၊ မြို့နယ်မိုးလေဝသစခန်း၊ မြို့နယ်ဥပဒေရုံး၊ မြို့နယ်အားကစားခန်းမနှင့် ဘောလုံးပွဲကြည့်စင်များ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ချင်းပြည်နယ် တီးတိန်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းကိုကိုသည် တာဝန်ရှိသူများနှင့်အတူ သဘာဝဘေးဒဏ်သင့် ပြည်သူများကို ဒုတိယအကြိမ် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရွှေဘိုတက္ကသိုလ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ


ရွှေဘို မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်၌ ခရိုင်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦး၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်ဝင်းနှင့် ခရိုင်သစ်တောဦးစီးဌာနမှူးတို့က ရွှေဘိုတက္ကသိုလ် ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါက်တာတင်တင်ရီနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများထံ သစ်ပျိုးပင်များ ပေးအပ်သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပါမောက္ခနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး မယ်ဇယ်၊ မဲဇလီ၊ ယင်းမာ၊ ပိတောက်နှင့် တမာပျိုးပင် စုစုပေါင်း ၁၀၈၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ လင်ကွန်ကျောင်းတိုက်ဆရာတော် ကျေးရွာငါးရွာအတွက် စက်ရေတွင်း ငါးတွင်း တူးဖော်နိုင်ရေး အလှူငွေပေးအပ်



နေပြည်တော် မေ ၂၄

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ လင်ကွန်ကျောင်းတိုက်ဆရာတော် ချန်ကျန့်က မြန်မာနိုင်ငံရှိ ကျေးရွာငါးရွာတွင် စက်ရေတွင်းငါးတွင်း တူးဖော်နိုင်ရေး အလှူငွေပေးအပ်ပွဲကို မေ ၂၃ ရက်က နေပြည်တော်ရှိ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Mr. Liu Wei ဦးဆောင်သော အလှူရှင်အဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ လင်ကွန်ကျောင်းတိုက်ဆရာတော် ချန်ကျန့်က မြန်မာနိုင်ငံရှိ ကျေးရွာငါးရွာအတွက် စက်ရေတွင်းရေကန်များ တူးဖော်ဆောက်လုပ်လှူဒါန်းလိုသည့် အကြောင်းရင်းကို ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Liu Wei က ရှင်းလင်းပြောကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ လင်ကွန်ကျောင်းတိုက်ဆရာတော် ချန်ကျန့်က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဘူးဘက်ကျေးရွာနှင့် ရွှေတွင်းတူးကျေးရွာ၊ မိုးညိုမြို့နယ် ရှစ်ကွက်ကျေးရွာ၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပြရွာ၊ နတ်မောက်မြို့နယ် ကျွဲထူးကန်ကျေးရွာ စုစုပေါင်း တိုင်းဒေသကြီး နှစ်ခု၊ ကျေးရွာငါးရွာတွင် စက်ရေတွင်း တူးဖော်ခြင်း၊ ရေစင်၊ ဆိုလာရေတင်စနစ် ဆောင်ရွက်ရန်အတွက် အလှူငွေများလှူဒါန်းမှုအတွက် မိမိတို့ဝန်ကြီးဌာနသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက်ပါ အလွန် မင်္ဂလာရှိသောနေ့ဖြစ်ပါကြောင်း၊ ဆရာတော်ပေးလှူသော စက်ရေတွင်းများသည် ကျေးရွာများအတွက် အမှန်တကယ် အကျိုးရှိထိရောက်ပါကြောင်း၊ ဆရာတော်၏ လှူဒါန်းမှုဖြင့် အိမ်ခြေ ၁၀၅၀ ၊ လူဦးရေ ၄၀၅၃ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်သဖြင့် အထူးပင်ကျေးဇူးတင်ပါကြောင်း၊ လှူဒါန်းသည့် ရေတွင်းရေကန်များကို မြေပြင်တွင် အမှန်တကယ် အကျိုးရှိထိရောက်စေရေး ကြပ်မတ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ပြီးစီးမှုကို မှတ်တမ်းဓာတ်ပုံများဖြင့် ပြန်လည်ပေးပို့ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ဝန်ကြီးဌာနကလည်း နှစ်စဉ်သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ ခန်းခြောက်လာပြီး သောက်သုံးရေလုံလောက်မှု မရှိသော ကျေးရွာများကျန်ရှိနေသေးသဖြင့် ထပ်မံလှူဒါန်းမည်ဆိုပါကလည်း ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း၊ ယခုလို စေတနာမေတ္တာတို့ဖြင့် ပေးအပ်လှူဒါန်းမှုအတွက် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲပြုလုပ်

နေပြည်တော် မေ ၂၄

မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဧည့်ခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စေတနာရှင် အလှူရှင်များက အလှူငွေကျပ် ၉၁၀၅၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းမှူးက လက်ခံရယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို တပ်မတော်(ရေ)မှ ရေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၂၄**

ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို တပ်မတော်ရေယာဉ်များ၊ လေယာဉ်/ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် ပထမအစီးသည် ဆိုလာအစုံ ၂၀၀၊ Ground-Sheet များ၊ ရွက်ဖျင်တဲများ၊ အိပ်ရာခင်းများ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာပစ္စည်းများ၊ ပြည်လည်ထူထောင်ရေး အသုံးအဆောင် ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၄၅ တန်ခန့်တို့အား စစ်တွေ ကမ်းထိုးရပ်၌ တင်ဆောင်၍ ရသေ့တောင်သို့ လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယအစီးသည် ကယ်ဆယ်ရေး အဖွဲ့များ၊ သွပ်ဆိုဒ်စုံချပ် ၆၀၀၀၊ မိုးကာတဲ ၄၂ ထုပ်၊ မိုးကာလိပ် ၁၂၅ လိပ် စုစုပေါင်းကုန်တန်ချိန် ၄၂ တန်ခန့်တို့အား မင်းဂံ ကမ်းထိုးရပ်မှ တင်ဆောင်၍ ရသေ့တောင်သို့လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် တတိယအစီးသည် ဆောက်လုပ်ရေး လုပ်ငန်းသုံး backhoe သုံးစီး၊ ရိက္ခာထုပ် ၁၉၂ ထုပ်နှင့် စားသောက်ကုန်များ စုစုပေါင်းကုန်တန်ချိန် ၁၁ တန်ခန့်တို့အား တင်ဆောင်၍ ရေချမ်းပြင်ကမ်းထိုးရပ်မှ ရသေ့တောင်ကမ်းထိုးရပ်သို့လည်းကောင်း၊ ၅၆ မီတာ ကမ်းထိုးရေယာဉ် တစ်စီးသည် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ် WHEEL LOADER တစ်စီး၊ EXCAVATOR သုံးစီး စုစုပေါင်း ကုန်တန်ချိန် ၃၀ ခန့်တို့ကို အငူမော် ကမ်းထိုးရပ်၌ တင်ဆောင်၍ စစ်တွေမြို့သို့ လည်းကောင်း အသီးသီးပို့ဆောင်ပေးခဲ့ကြသည်။



အလားတူ ထောက်ပံ့ရေး ရေယာဉ်(ပြည်တော်အေး-၃)သည် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ သွပ်ချပ် ၅၀၀၀၀(၁၁လိုင်း)၊ သွပ်(၉လိုင်း) ၁၈၆၇၅ ချပ်၊ SIGMA မီးကြိုးခွေ ၂၉၄ ထုပ်၊ လူသုံးကုန်ပစ္စည်းများ၊ သံဖာ ၁၁၄၀ ၊ အချိုရည်မျိုးစုံဖာ ၈၀ ၊ သောက်ရေသန့်ဘူးခွံကြီး ဘူး ၅၅၀၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ Angle ချောင်းများ၊ U Beam သံချောင်းများနှင့် သွပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စားသောက်ဖွယ်ရာပစ္စည်းများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ သောက်ရေသန့်ဘူးများ၊ စားသောက်ဖွယ်ရာပစ္စည်းများ၊ မိုးကာအင်္ကျီ၊ ဆေးပစ္စည်းများ၊ Wet Tissue၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စားသုံးဆီနှင့် ဆန်၊ ရွှေသံလွင်ကုမ္ပဏီမှ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆန်အိတ် ၈၀၀ ၊ မီးစက် တစ်လုံးနှင့် စားသောက်ဖွယ်ရာပစ္စည်းများ၊ ဆက်သွယ်ရေးဌာနမှ မီးစက် ၁၂ လုံး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ Gas(LPG)မီးဖိုအလုံး ၁၀၀၀၊ 220g Gas ဘူး ၄၀၀၄ လုံး စုစုပေါင်း ကုန်တန်ချိန် ၆၉၆ တန်ခန့်တို့အား တင်ဆောင်၍ ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ထွက်ခွာခဲ့သည်။

အဆိုပါ စစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်များ၊ ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေး ပစ္စည်းများအား တာဝန်ရှိသူများ ထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် လယ်ဝေးမြို့၌ ကာလရှည်စွာတာဝန်ထမ်းဆောင်ခဲ့သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်အား ဂုဏ်ပြု

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကမ္ဘာ့ကြက်ခြေနီနေ့တွင် ချီးမြှင့်ခဲ့သည့် ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာထပ်ဆင့်ပေးအပ်ချီးမြှင့်ပွဲကို မေ ၂၄ ရက် မွန်းလွဲ ၃ နာရီက နေပြည်တော် လယ်ဝေးမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် အသက် (၆၅) နှစ်ပြည့်သည်အထိ အခြေခံမူများနှင့်အညီ အသင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူအကျိုးပြုလူသားချင်းစာနာထောက်ထားသည့် မွန်မြတ်သောကြက်ခြေနီလူမှုကရုဏာနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ကာလရှည်ကြာစွာ ဆောင်ရွက်ခဲ့သည့် လယ်ဝေးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်ခွဲမှူး ဒေါ်မူမူသန်းအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုက ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**

## မြန်မာ့ “အား”

❖ ပြည်သာဖို့
ညီညာဖို့ လိုပါသည်။

❖ ကိုယ့်မိသားစု၊ **ချောင်လည်မှု**တွက်
ကိုယ့်ရပ်ရွာရေး၊ **သာယာရေး**တွက်
ကိုယ့်ဆွေမျိုးရင်း၊ **မြင့်မားခြင်း**တွက်
ကိုယ့်အမိနိုင်ငံ၊ **တိုးတက်ရန်**တွက်
ကြံဆောင်သမျှ ကောင်းလေစွတည့်။

❖ တစ်ဦးချင်းစီ၊ **ကောင်းမှုရည်**လျက်
တိုင်းပြည် ထူထောင်ကြပါစို့။

❖ တစ်ဖွဲ့ချင်းစီ ၊ **ပေါင်းစုညီ**လျက်
ပြည်ကျိုး မြှင့်တင်ကြပါစို့။

❖ တိုင်းပြည်လူမျိုး၊ ချစ်မြတ်နိုးလျက်
အကျိုးစီးပွား၊ ဖွံ့စည်ထွားဖို့
စိတ်အားထက်သန်၊ ဆောင်ရွက်မှန်မူ
နိုင်ငံတော်ကြီး၊ ရှေ့ခရီးသည်
**အသီးတစ်ရာ၊ အညွှာတစ်ခု**
**ပြည်ထောင်စုပုံ၊ ကြန်အင်စုံ**လျက်
ဂုဏ်ဟိတ်မြင့်မား၊ မြန်မာ့ **“အား”** ဟု
ထင်ရှားပြသနိုင်မည်တကား။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၂၄**
နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၆ ပါတီ ဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မလွန်ဆေးရိုးဝင်း၊ အောင်နန်း အနောက်ရပ်ကွက်၊ ၃၃ x ၃၄ ကြား၊ (၈၅) လမ်း၊ အမှတ် (၁၂) တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၅-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ၏ အလံပုံစံ**



**ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံတကာသတင်း

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မိုးကြီးမှုကြောင့် သေဆုံးသူ ၄၄၃ ဦးအထိ ရှိလာ

**ဂိုမာ မေ ၂၄**
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အရေးပေါ်အခြေအနေ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး သေဆုံးသူဦးရေမှာလည်း ၄၄၃ ဦးအထိရှိလာသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာရုံးက မေ ၂၃ ရက်တွင်ပြောသည်။

မေလအစောပိုင်းမှစတင်ကာ မိုးရွာသွန်းမှုများကြောင့် ရေကြီးမြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီး လူပေါင်းများစွာ ပျောက်ဆုံးနေဆဲဖြစ်ကာ လူပေါင်းရာနှင့်ချီ ဒဏ်ရာရရှိကြောင်း အဆိုပါရုံးက ပြောသည်။ အလောင်းများကို တူးဖော်ရန်အတွက် စက်ကိရိယာကြီးများကို ကယ်ဆယ်ရေးသမားများ တောင်းဆိုထားကြသည်။ အထူးသဖြင့် တောင်ပိုင်းကီဗူးပြည်နယ်၏ အရှေ့ပိုင်းရှိ ကလယ်ဟီနယ်မြေတွင် စက်ကိရိယာကြီးများ အဓိကလိုအပ်လျက်ရှိသည်။



နောက်ထပ်ဦးစားပေးလိုအပ်မှုများမှာ ခိုလှုံရာနေရာများ၊ အသက်ရှင်ကျန်ရစ်သူများကို ပြန်လည်နေရာချထားပေးရန်နှင့် အစားအသောက်များ လိုအပ်ပြီး လမ်းတံတားများ ပြန်လည်ပြုပြင်ပေးရန်လည်း လိုအပ်လျက်ရှိသည်။ စာသင်ကျောင်းနှင့် နေအိမ်ပေါင်း ၃၀၀၀ ကျော် ပျက်စီးခဲ့ရသည်။ မေ ၁၀ ရက်မှစတင်ကာ လူပေါင်း ၁၇၀၀၀ ကျော်ကို အစားအသောက်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ခိုလှုံစရာနေရာများ လုပ်ဆောင်ပေးခဲ့သည်ဟု အဆိုပါရုံးက ပြောသည်။ **ဆင်ဟွာ**

## ဖော်မြူလာဝမ်းကားပြိုင်ပွဲသို့ ဟွန်ဒါ ပြန်လည်ပါဝင်လာမည်

**တိုကျို မေ ၂၄**
၂၀၂၆ ခုနှစ်အတွက် ဖော်မြူလာဝမ်းကားပြိုင်ပွဲတွင် ဟွန်ဒါကုမ္ပဏီမှ ပြန်လည်ပါဝင်လာမည်ဟု သိရသည်။ ဟွန်ဒါကုမ္ပဏီသည် ၂၀၂၁ ခုနှစ်တွင် ဖော်မြူလာဝမ်းကားပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည်။ ယခုအခါ ဟွန်ဒါကားကုမ္ပဏီသည် Hybrid အင်ဂျင်ဖြင့် အက်စတွန်မာတင် ကားထုတ်လုပ်ရေးကို ထောက်ပံ့ပေးသွားရန် သဘောတူထားပြီးဖြစ်သည်။ အဖွဲ့အမည်ကိုလည်း အက်စတွန်မာတင် အရမ်ကို ဟွန်ဒါဟု ခေါ်ဆိုသွားမည်ဖြစ်သည်။

ဖော်မြူလာဝမ်းကားပြိုင်ပွဲမှရရှိသည့် နည်းပညာများသည် အနာဂတ်တွင် လျှပ်စစ်ကားများ အမြောက်အမြား ထုတ်လုပ်ရာ၌ အသုံးဝင်နိုင်မည်ဟု ဟွန်ဒါဥက္ကဋ္ဌနှင့် စီအီးအို မီဘီတိုရှီဟီရိုက ပြောသည်။ ဟွန်ဒါသည် ၁၉၆၄ ခုနှစ်က ကမ္ဘာ့ထိပ်တန်းကားပြိုင်ပွဲဖြစ်သည့် ဖော်မြူလာဝမ်းကားပြိုင်ပွဲတွင် ပထမဦးဆုံးပါဝင်နိုင်ခဲ့သည့် ဂျပန်ကားကုမ္ပဏီလည်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



## အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် လာမည့်နှစ်မတ်လတွင် ရာဇဝတ်မှုတရားခွင်နှင့် ရင်ဆိုင်ရမည်

**ဝါရှင်တန် မေ ၂၄**
လာမည့်နှစ်မတ်လတွင် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ရာဇဝတ်မှုဆိုင်ရာ တရားခွင်နှင့် တရားရင်ဆိုင်ရမည်ဟု အမေရိကန်တရားရုံး တစ်ရုံးက သတ်မှတ်ခဲ့သည်။

အမေရိကန်သမ္မတဟောင်း ထရမ့်သည် ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲကာလအတွင်း အပြာသရုပ်ဆောင်တစ်ဦးကို လျှို့ဝှက်စွာ ငွေပေးချေရန်အတွက် စီးပွားရေးဆိုင်ရာမှတ်တမ်းအတု ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

ဒေါ်နယ်ထရမ့်သည် အမှုပေါင်း ၃၄ မှုအတွက် အပြစ်မရှိကြောင်း ထွက်ဆိုထားသည်။ လာမည့်နှစ် မတ် ၂၅ ရက်တွင် တရားခွင်စတင်မည်ဟု နယူးယောက်ပြည်နယ်တရားရုံးတရားသူကြီးက မေ ၂၃ ရက်တွင် ပြောသည်။ ထရမ့်သည် မေ ၂၃ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သည့် ကြားနာမှုကို တက်ရောက်ခဲ့သည်။ တရားရင်ဆိုင်ရမည့်နေ့စွဲကို တရားရုံးက ကြေညာခဲ့သည့်အခါ ထရမ့်က စိတ်ပျက်သည့်အမူအရာနှင့် ဒေါသထွက်ကြောင်း ပြသခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် နေရပ်ပြန်ကျေးရွာများမှ အိမ်ထောင်စုများနှင့်တွေ့ဆုံ မိသားစုများ၏ ကလေးငယ်များ ကျောင်းဖွင့်ချိန် ပညာသင်ကြားနိုင်ရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေး



**မြစ်ကြီးနား မေ ၂၄**

ကချင်ပြည်နယ် အတွင်း မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များရှိ ယာယီခိုလှုံရာစခန်းများမှ ၎င်းတို့၏ မူလနေရပ်ကျေးရွာများဖြစ်သည့် ဝိုင်းမော်မြို့နယ် ဂါးရာယန်၊ ကဇူးနှင့် ဒဘတ်ယန် ကျေးရွာများသို့ ပြန်လည် ရွှေ့ပြောင်းနေထိုင်လျက်ရှိရာ အဆိုပါ နေရပ်ပြန်မိသားစုများ၏ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ မေ ၂၃ ရက်က ဒဘတ်ယန်ကျေးရွာ နှစ်ခြင်းဘုရားရှိခိုး ကျောင်း၌ ကျေးရွာများမှ အိမ်ထောင်စုများနှင့် သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကျေးရွာ သုံးရွာကိုယ်စား ဒဘတ်ယန် ကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးရွာများရှိ အခြေခံပညာ ကျောင်း အဆောက်အအုံများ ပျက်စီးယိုယွင်းနေမှု၊ ကျောင်းဖွင့်ချိန်အမီ ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးလက်ဆေးပေးခန်း ဖွင့်လှစ်ပေးနိုင်ရေး စသည့် တင်ပြချက်များအပေါ် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းများနှင့် အညီ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ပြန်လည် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာတောင်သူများအတွက် အထွက်တိုးမျိုးစပါး ဆင်းဧကရီ-၃ ကို ဧက ၁၆၀ အတွက် မျိုးစေ့အိတ်များ၊ ဧက ၂၀၀ စာအတွက် အစေ့ထုတ်ပြောင်းမျိုးစေ့အိတ်များနှင့် ကျေးရွာကြိုဆိုဧည့်ခံရေးအဖွဲ့များအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နေရပ်စွန့်ခွာပြီး ယာယီခိုလှုံရာစခန်းများမှ မိမိတို့နေရပ်ကျေးရွာများတွင် နေထိုင်နေကြပြီဖြစ်သည့်အတွက် မိမိတို့ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းဖွင့်ချိန်အမီ ကျေးရွာ စာသင်ကျောင်းများ ပြုပြင် တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့် ထောက်ပံ့ငွေများနှင့် လိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဘတ်ယန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ပျက်စီးယိုယွင်းနေမှုနှင့် ကဇူးကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း ပျက်စီးယိုယွင်းမှုကြောင့် ယာယီကျောင်းစာသင်ဆောင်သစ် ဆောက်လုပ်နေမှု၊ ဂါးရာယန်ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲ ပျက်စီးယိုယွင်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်ချိန် ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင် ဆောင်ရွက်မှုများကို ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများကြား ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် အဆိုပါကျေးရွာအတွင်း စိုက်ပျိုးမြေဖော်ထုတ်ပေးနိုင်ရေး ကျေးရွာသူ ကျေးရွာသားများ၏ ရွေးချယ်ထားသည့် မြေနေရာကို ကွင်းဆင်းစစ်ဆေးကြကာ ကျေးရွာနှင့် လယ်ယာမြေများသည် သစ်တောမြေအတွင်း ပါဝင်နေသည့်အတွက် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် တင်ပြဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မြစ်ကြီးနားမြို့နယ်အတွင်းရှိ IDPs စခန်းနှင့် ယာယီတိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာသူများ ၎င်းတို့၏ မူလနေရပ်နှင့် အခြားယာယီတိုက်ပွဲရှောင်စခန်းများသို့ ပြန်လည်ပြောင်းရွှေ့

**နေပြည်တော် မေ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဂျန်မိုင်ကောင်းနှစ်ခြင်း IDP စခန်း၊ ပလန စိန်ဂျိုးဇက် IDP စခန်းနှင့် နန်းကွေ့စိန်ယောဟန် IDP စခန်းတို့မှ စုစုပေါင်း အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၂၅ ဦးသည် မေ ၂၂ ရက်တွင် ၎င်းတို့၏ မူလနေရပ်များသို့ ပြန်လည် ပြောင်းရွှေ့ကြရာ ကချင်ပြည်နယ်အစိုးရအဖွဲ့က စားနပ်ရိက္ခာများ ထောက်ပံ့ပေးသည့်အပြင် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့ရှိ အောင်မင်္ဂလာနှစ်ခြင်း ယာယီတိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု သုံးစု၊ လူဦးရေ ၁၅ ဦးသည် ၎င်းတို့ အစီအစဉ်ဖြင့် အောင်မင်္ဂလာရပ်ကွက်ရှိ ရိုမန်ကက်သလစ် ယာယီတိုက်ပွဲရှောင်စခန်းသို့ ပြောင်းရွှေ့သွားရာ တာဝန်ရှိသူများက အောင်မင်္ဂလာနှစ်ခြင်း ယာယီတိုက်ပွဲရှောင်စခန်းကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**



မြစ်ကြီးနားမြို့နယ်ရှိ IDP စခန်းများမှ အိမ်ထောင်စုများ ၎င်းတို့၏ မူလနေရပ်များသို့ ပြောင်းရွှေ့ထွက်ခွာစဉ်။



မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အောင်မင်္ဂလာနှစ်ခြင်း ယာယီတိုက်ပွဲရှောင်စခန်းမှ အောင်မင်္ဂလာ ရိုမန်ကက်သလစ် ယာယီတိုက်ပွဲရှောင်စခန်းသို့ ပြောင်းရွှေ့ထွက်ခွာစဉ်။

## သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံး

**နေပြည်တော် မေ ၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်၌ ယနေ့နံနက် ၃ နာရီ ၄၅ မိနစ်မှ ၄ နာရီအထိ တစ်နာရီလျှင် ပျမ်းမျှလေတိုက်နှုန်း မိုင် ၃၀ ခန့်ဖြင့် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်း တိုက်ခတ်မှုကြောင့် ရသေ့တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ လူနေအိမ် ၂၁ လုံးတို့မှာ အမိုးလန်၍ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက သွားရောက်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး တာဝန်ရှိသူများက လေဘေးသင့်ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုလောမြို့နယ် မန်ကျည်းကုန်းကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ခရီးသွားမော်တော်ယာဉ် တစ်စီးပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူ နှစ်ဦး သေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ဆင်ခြင်တုံတရားမဲ့စွာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ နှစ်ဦး သေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြိတ်- ထားဝယ် ဆက်သွယ်ထားသည့် လမ်းကြောင်းပေါ်ရှိ ပုလောမြို့နယ် မန်ကျည်းကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် ဖြတ်သန်းသွားလာမှုများအား နယ်မြေခံလုံခြုံရေးအဖွဲ့များက စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် ယနေ့မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့များ ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ လုံခြုံရေးစစ်ဆေးမှုခံယူလျက်ရှိသည့် တနင်္သာရီရိုးမ ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသည့်အပြစ်မဲ့ ခရီးသွားပြည်သူ နှစ်ဦး ကျည်ထိမှန် သေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ဖြင့် ပုလောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ အပြစ်မဲ့အရပ်သား ပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်အား ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



ပုလောမြို့နယ် မန်ကျည်းကုန်း ကျေးရွာအနီး၌ ခရီးသွားမော်တော်ယာဉ်တစ်စီးအား PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သည့် နေရာပြပုံ။

**သတင်းစဉ်**

# အချိန်ခါရှိခိုက် လုံ့လစိုက်၍ ကျောင်းနေပျော်ပြီး ပညာတော်အောင် ရှက်ဆောင်ကြိုးပမ်း . . .

မောင်ငြိမ်းအေး

မိဘတိုင်း မိဘတိုင်းသည် မိမိတို့၏သားသမီးများကို ဆင်စီး၍ မြင်းရံသည်ကို မြင်ချင်ကြသည်။ ဉာဏ်ပညာထူးချွန်ထက်မြက်သည့် သားကောင်းသမီးကောင်း ဖြစ်လိုကြသည်။ များသောအားဖြင့် မိဘများသည် မိမိတို့သားသမီးများကို အရည်အချင်းကောင်းများ ရှိနေကြသူများဟုသာ ခံယူထားကြ၏။ ဆန်းစစ်လေ့လာ တွေ့ရှိချက်အရ ၇၀ ရာခိုင်နှုန်းသောကလေးငယ်များသည် ပတ်ဝန်းကျင်တွင် အသိဉာဏ်အဆင့်အတန်း အတန်အသင့်မြင့်မားကြသည်ဟု ဆိုထားသည်။

### အထူးဝါယမစိုက်ထုတ်

ပင်ကိုဉာဏ်ရည်ထက်မြက်သူ ကလေးငယ်တစ်ယောက်သည် ကျောင်းနေသောအခါမှသာ သူ၏အစွမ်းအစအရည်အချင်းကို ထင်ရှားစွာသိလာရ၏။ ဉာဏ်ရည်နည်းသူ ကလေးငယ်အဖို့လည်း ကျောင်းနေပြီးလျှင် ကြိုးစားအားထုတ်ပါက ဉာဏ်ရည်ကောင်းသူ ကလေးငယ်တစ်ယောက် ဖြစ်လာနိုင်၏။ ထို့ကြောင့် ပင်ကိုဉာဏ်ရည်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိဘအုပ်ထိန်းသူများသည် ကလေးငယ်များ၏ရှေ့ရေးအတွက် ကြောင့်ကြမှုမနေသင့်ပေ။ မိမိတို့၏သားသမီးများ အဆင့်အတန်းတစ်ခုသို့ ရောက်ရှိလာအောင် ပညာသင်ကြား၍ ကြိုးစားအားထုတ်ကြရန် လိုအပ်ပေသည်။ ကလေးသူငယ်များအဖို့ လူအများအလယ်၌ ဘဝခရီးဖြောင့်ဖြူးပြီး လူသတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်သော ပညာတတ်တစ်ယောက်ဖြစ်လာစေရန် မိဘနှင့်ဆရာတို့က အထူးဝါယမစိုက်ထုတ်ကြရမည်ဖြစ်သည်။

လူတို့သည် မိမိတို့တွင် အသိပညာ၊ အတတ်ပညာရှိသမျှဖြင့် ဘဝကို တည်ဆောက်နေကြသူများဖြစ်သည်။ အတတ်ပညာကို အတွေ့အကြုံဖြင့် ဖန်တီးရယူနိုင်သော်လည်း အတန်းပညာနှင့်ပေါင်းစပ်၍ အတတ်ပညာကို ဖြည့်စွက်လိုက်မည်ဆိုပါက ပိုမိုထွန်းပေါက်ခရီးရောက်မည်ဖြစ်သည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာသည် အတန်းပညာပေါ်တွင် မူတည်သဖြင့် အတန်းပညာများကို ပြီးဆုံးအောင်သင်ယူပြီး မိမိတို့ဘဝ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ “အတန်းပညာရှိမှသာ အသိပညာ၊ အတတ်ပညာတို့ကို တိုးတက်ရရှိနိုင်မည်ဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်အားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း” နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။

### အောင်ပန်းများကိုဆွတ်ခူးနိုင်

အရွယ်ရောက်လာသည့် ကလေးသူငယ်လူငယ်လူရွယ်များ၏အလုပ်သည် ပညာသင်ကြားရေးသာဖြစ်သည်။ အသိပညာဗဟုသုတများကို ငယ်စဉ်အခါ ကျောင်းတွင် ရှာဖွေခြင်းသည် အနာဂတ်အတွက် အဖိုးတန်သောရင်းနှီးမှုပင်ဖြစ်သည်။ အသိပညာဟူသည့် အာဟာရကို စားသုံးလျှင် လိမ္မာသက်ရှည် ဂုဏ်ရည်ပြည့်ဝအောင်ပွဲရ၏။ အာဟာရဟူသောစားဖွယ်များကို နေ့စဉ်စားသုံးကြသလို စာပေပညာဟူသော အသိပညာ၊ အတတ်ပညာများကို နေ့စဉ်နေ့တိုင်း ရှာဖွေသင်ကြားမှတ်သားလိုက်နာကြမည်ဆိုလျှင် လိမ္မာရေးခြားရှိခြင်း၊ အသက်ရှည်ရခြင်း၊ ဂုဏ်သရေရှိခြင်း၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်း၊ အောင်ပွဲအောင်ပန်းများကို လွယ်ကူစွာဆွတ်ခူးနိုင်ခြင်း စသည့်အကျိုးများကို ရရှိစေသည်။

လောက၌ **“နောင်မှစိတ်ပူ၊ အရမတော်သူ”** ပုဂ္ဂိုလ်လေးယောက်တွင် ပညာသင်ယူရာ၌ အလေးဂရုမပြုသူတစ်ယောက်လည်း ပါဝင်သည်ဟု ဆရာများက အသိပေးထားသည်။ လောကအလယ်၌ မျက်နှာငယ်ရ၊ လူ့တန်ဖိုးမရသကဲ့သို့ဖြစ်ပေမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ပညာသင်ယူရေးကို အလေးမမူသောသူတို့၏ နိမ့်ကျသောဘဝဖြစ်ရတတ်သည်ကို လူကြီးမိဘများက အခါခါသတိပေးလေ့ရှိသည်။

အသိအလိမ္မာ အတတ်ပညာဟူသည် အသက်ထက်ဆုံး ကာလပတ်လုံး ကြည်လင်အေးမြချမ်းသာရန်အတွက် အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားနာယူ မှတ်ယူလိုက်နာနေရခြင်းဖြစ်သည်။ ဘဝအတွက် ရေရှည်ကောင်းမြတ်ရန် ကိုယ်ခံဆေးဝါးကောင်းတစ်ခွက်နှင့်လည်း တူပါပေ၏ဟု ရှေးရှေးသောပညာရှိများက ဝမ်းမြောက်ဝမ်းသာ ထုတ်ဖော်မှတ်တမ်းတင်ခဲ့ကြသည်။ ထို့ကြောင့် ပညာကို အပတ်တကုတ်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံမှုကို တွေ့ရစဉ်။ (မေ ၂၇ ရက် ၂၀၂၁ ခုနှစ်)

- ❑ “အတန်းပညာရှိမှသာ အသိပညာ၊ အတတ်ပညာတို့ကို တိုးတက်ရရှိနိုင်မည်ဖြစ်သည့်အတွက် ကျောင်းနေအရွယ် ကလေးငယ်အားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း” နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထား
- ❑ လူတို့သည် မိမိတို့တွင် အသိပညာ၊ အတတ်ပညာရှိသမျှဖြင့် ဘဝကိုတည်ဆောက်နေကြသူများဖြစ်သည်။ အတတ်ပညာကို အတွေ့အကြုံဖြင့် ဖန်တီးရယူနိုင်သော်လည်း အတန်းပညာနှင့်ပေါင်းစပ်၍ အတတ်ပညာကို ဖြည့်စွက်လိုက်မည်ဆိုပါက ပိုမိုထွန်းပေါက် ခရီးရောက်မည်ဖြစ်သည်။ ထို့ကြောင့် အသိပညာ၊ အတတ်ပညာသည် အတန်းပညာပေါ်တွင် မူတည်သဖြင့် အတန်းပညာများကို ပြီးဆုံးအောင် သင်ယူပြီး မိမိတို့ဘဝတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်

### ပညာသင်ကြားအကျိုးများ

ပညာသင်ကြားခြင်း၏ အကျိုးရလဒ်နှင့်ပတ်သက်၍ ရှင်မဟာရဋ္ဌသာရ၏ဆုံးမစာတွင် **“စာပေသင်ယူကြသောသူဟူသမျှတို့သည် ပုစွန်ကို ကျွတ်ကျွတ်မြည်အောင် ကြော်သတ္တဝါသည် စားသကဲ့သို့လည်းကောင်း၊ သစ်သားကို ခွဲစိတ်သော လွှသွားကဲ့သို့လည်းကောင်း လေ့ကျင့်သင်ကြားကာ လိုသောအခါ၌ ရလွယ်အောင် အနက်အဓိပ္ပာယ်နှင့် တကွ ကြံဆောင်မှတ်သား၍ ထားမှသာလျှင် အကြောင်းရှိ၍ တစ်ခုခုကို စလိုက်က အားလုံးပင် ပေါ်ထွက်လာကာ ပရိသတ်အလယ်၌ ကြောက်ရွံ့ခြင်းမရှိဘဲ သတိကောင်းစွာဖြင့် မယိမ်းမယိုင်သော ကျောက်စာတိုင်ကဲ့သို့ အဖြာဖြာတို့၌ ခွဲဝေ၍ ပြောကြားနိုင်မည်ကို တွေးတောပါလေ”** ဟုဆိုထားသည်။ ကြော်သည် ပုစွန်ကို အခြားအစာများထက် ပိုကြိုက်၍ အားရစွာစားသကဲ့သို့ ပညာကိုလည်း အားရစွာ ကြိုးစားသင်ကြားခြင်းဖြင့် အကျိုးများပုံကို ညွှန်းဆိုဖော်ပြထားပါသည်။

### ပွတ်တိုက်အရောင်တင်ပေး

မြန်မာနိုင်ငံရှိ ကလေးသူငယ်များသည် ဉာဏ်ရည်မနိမ့်သူများသာဖြစ်သည်။ ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားတိုးတက်လာအောင် မြှင့်တင်ပျိုးထောင်ပေးသည့် အတန်းပညာကို အကြောင်းအမျိုးမျိုးဖြင့် သင်ကြားနိုင်ခြင်း မရှိ၍သာ ထူးချွန်ထက်မြက်သူများ နည်းပါးနေခြင်းဖြစ်သည်။ ကလေးငယ်၏အနာဂတ်အတွက် ထိုက်တန်သည့် အဆင့်အတန်းတစ်ခုသို့ ရောက်ရှိရေး၌ အခက်အခဲများရှိနေခဲ့၏။ တော်ပါသော်လည်း တန်ဖိုးဖြတ်သည့် မှတ်ကျောက်မတင်နိုင်ကြသဖြင့် ကြုံရာကျရာ ဘဝတစ်ခု၌သာ ကျင်လည်ကျက်စားနေကြရသည်။ ကျောင်းပညာကို ပြီးဆုံးအောင် မသင်နိုင်ခဲ့သဖြင့် **“မီးခဲပြာဖုံး”**သကဲ့သို့ စွမ်းအားပျောက်သလိုဖြစ်နေကြ၏။ **“ပတ္တမြားမှန်လျှင် နွံမှာနစ်သော်လည်း မညစ်”** သကဲ့သို့ မိမိတို့ရင်သွေး ရတနာများအား ပညာတည်းဟူသော အမြိုက်ဆေးဖြင့် ပွတ်တိုက်အရောင်တင်ပေးရမည်ဖြစ်သည်။

### ကျောင်းများတက်နိုင်ရေး

မြန်မာနိုင်ငံတွင် အတန်းပညာသင်ကြားမှုနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ချက်အရ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ခန့်သည် အခြေခံပညာအလယ်တန်းအဆင့်အောက်၌သာ ရှိနေသည်ဟုသိရသည်။ ပညာရေးအားနည်းချက်ရှိနေသောအခါ မျိုးဆက်များ၏ ဘဝအဆင့်အတန်းမှာလည်း နိမ့်ကျနေမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးပဋိပက္ခ လှိုင်းဂယက်တို့ကြောင့် ပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည့် ကလေးသူငယ်လူငယ်များကို တွေ့မြင်နိုင်သည်။ ယခုအခါ ပညာသင်နှစ်တစ်နှစ်ကို အဆင်ပြေချောမွေ့စွာ ပြီးဆုံးခဲ့ပြီဆိုသော်လည်း ကျောင်းတက်ရာခိုင်နှုန်း မပြည့်မီကြောင်းသိရသည်။ အချို့ဒေသများ၌ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုနှင့် အခြားအကြောင်းအမျိုးမျိုးတို့ကြောင့် ပညာမသင်ကြားနိုင်သော၊ ကျောင်းမတက်နိုင်သော လူငယ်လူရွယ်များရှိနေသည်။

ထို့ကြောင့် လာမည့်ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး အစိုးရက ကြိုးပမ်းအားထုတ်မည်ဟုသိရသည်။ နယ်မြေဒေသအားလုံးတွင် ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သောဒေသ၌ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ထားခြင်းသည် အကြောင်းတစ်ချက်ဖြစ်သည်။ ပြည်သူပြည်သားအားလုံး ပညာတတ်မြောက်ရေးအတွက် ပညာရေးဝန်ထမ်းများက အခက်အခဲအနှောင့်အယှက်များကြားမှ ဖြည့်ဆည်းပေးနေသည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ အနှောင့်အယှက်များကို ကျော်လွှားနိုင်ရန်အတွက် လိုအပ်သည့်ဒေသများ၌ စည်းကမ်းများကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်နေသည်မှာ ဖြစ်သင့်ပါသည်။ လာမည့်ပညာသင်နှစ်တွင် အေးအေးချမ်းချမ်း ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းတက်သူဦးရေ တိုးပွားလာရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးမည်ဖြစ်၍ ဝမ်းမြောက်မိသည်။

### ယနေ့ပင်စတင်လိုက်စို့

**“စိတ်ပိုင်း၊ ရုပ်ပိုင်း အစဉ်ဖွံ့ဖြိုးကြီးထွားလာနေတဲ့သူတို့လေးတွေအတွက် ပေးရမယ့်အဖြေဟာ မနက်ဖြန်မဟုတ် ဒီနေ့ပဲ”**လို့ ဆိုပါတယ်။ အဓိပ္ပာယ်အလွန်လေးနက်ပြီး တာဝန်အဆင့်ဆင့်ရှိသူတွေသာမက နိုင်ငံသားအားလုံးကို သတိပေးလိုက်တဲ့ တပ်လှန့်သံလို့ဆိုရင် ရတယ်။ ဒီနေ့တော့ ကလေးတွေအတွက် ဒီအဖြေပေးသွားပြီ၊ ကဲ . . . အားလုံးကလည်း ကလေးများအတွက် **“ဒီနေ့”** လို့ တူတူညီညီ ကတိပေးကြပါစို့။ အထက်ပါကဗျာစာသားလေးသည် ၁၉၄၅ ခုနှစ်က စာပေနိုဗယ်ဆုရ ချီလီနိုင်ငံမှ ကဗျာဆရာမကြီး Gabriela Mistral ရေးစပ်ခဲ့သည့် ကဗျာတစ်ပုဒ်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အဆက်မပြတ်ဖွံ့ဖြိုးနေသည့် ကလေးငယ်များအတွက် ပညာသင်ကြားပေးရေးကို ယနေ့ပင် အားလုံးစတင်လိုက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ထားသည့်ကဗျာလေးဖြစ်သည်။

### ကျောင်းသား ကျောင်းသူများအတွက်

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရ၊ ကျောင်းထွက်ခဲ့ရသည့်ကလေးများ၊ ဘဝပြဿနာအဖုံဖုံကြောင့် မိဘအငြိုအငြင်ခံပြီး ပညာသင်ကြားနေရသည့် ကလေးများ၊ မိဘအတွက် ဝင်ငွေရှာဖွေပေးနေရသည့်ကလေးများ၊ ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ စိုးရိမ်ကြောက်လန့်မှုတို့ကြောင့် ကျောင်းမနေရသည့်ကလေးများ၊ ရပ်ရွာထဲတွင် ဆေးဖော်ကြောဖက်အလုပ်မခံရသည့် အပယ်ခံကလေးများ စသည်စသည် ပညာရေးနှင့်ဝေးနေရသည့်

*စာမျက်နှာ ၁၇ သို့*

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၃-၂၀၂၄ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- **မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။**
- **ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။**
- **အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။**
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
- နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၃-၂၀၂၄ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- **မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။**
- **ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။**
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- **ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။**
- **ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။**
- မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# မိုင်းဖြတ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံခြင်းစတင်လက်ခံ

**မိုင်းဖြတ် မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်မြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းမှစတင်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ စတင်လက်ခံနေပြီဖြစ်သည်။



ထိုသို့ ကျောင်းအပ်လက်ခံရာတွင် ကျောင်းသားမိဘများ၊ အုပ်ထိန်းသူများ၊ ကျောင်းသား ကျောင်းသူများက မိမိတို့ တက်ရောက်ကြမည့် အခြေခံပညာကျောင်းများတွင် လာရောက်အပ်နှံလျက်ရှိကြသည်။ ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်မှ (အခမဲ့)ထုတ်ပေးသည့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာ၊ ကျောင်းဝတ်စုံတစ်စုံ (အခမဲ့) ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မိုင်းဖြတ်မြို့နယ်၌ အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်းအပါအဝင် ကျောင်းပေါင်း ၈၄ ကျောင်းရှိပြီး ကျောင်းစတင်ဖွင့်လှစ်ခြင်းကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်သည်။ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းအပ်နှံမည့် ကျောင်းသား ကျောင်းသူဦးရေ ၅၀၀၀ ကျော် ခန့်မှန်းထားကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကရင်ပြည်နယ် မြဝတီမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများတွင် မေ ၂၃ ရက်မှစတင်၍ ကျောင်းအပ်လက်ခံခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုကို တွေ့ရစဉ်။

ထိန်လင်းအောင်(ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

ကျောင်းသား ကျောင်းသူအရွယ် ကလေးငယ်များမှာ နိုင်ငံတစ်ဝန်းတွင် အမြောက်အမြားရှိနေသည်။ အဆိုပါကလေးငယ်များ ပညာဆက်လက်သင်ကြားနိုင်ရေး မိဘ၊ ဆရာ၊ တာဝန်ရှိသူများ လက်တွဲပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ အလယ်တန်းအဆင့်သို့တက်ရောက်ရန် အခက်အခဲရှိနေသူလူငယ်များနှင့် ပုံမှန်ကျောင်းများမှ အလယ်တန်းအဆင့် မပြီးမြောက်မီ ကျောင်းထွက်ခဲ့ရသော ကလေးများအတွက်လည်း ပညာသင်ယူနိုင်မှု အစီအစဉ်များရှိနေပြီဖြစ်သည်။

### ဆုံးခန်းတိုင်အောင်ပညာသင်ယူ

ကလေးများ၏အနာဂတ်သည် မိသားစုအတွက်သာမက တိုင်းပြည်အတွက်ပါ အလွန်အရေးကြီးပါသည်။ ရှေးလူကြီးသူမများ ပြောသကဲ့သို့ **“မျက်စိတစ်အောက်ကိုသာ မကြည့်ဘဲ မျက်စိတစ်ဆုံးကြည့်”** ဖို့လိုသည်။ ကလေးငယ်များ အနာဂတ်ကောင်းမွန်မှသာ အားလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ဖြစ်လာမည်။ အကြောင်းအမျိုးမျိုးကြောင့် ကလေးငယ်များအား လျစ်လျူရှုမထားရန် မေတ္တာရပ်ခံလိုပါသည်။ လက်ရှိဘဝအခြေအနေအခက်အခဲကြောင့် ကလေးငယ်များ၏ဘဝများအား ရေမျောကမ်းတင်ဘဝမျိုးသို့ မရောက်စေလိုပါ။ ယနေ့မြန်မာနိုင်ငံအတွင်းရှိ အများစုဖြစ်သည့် ကလေးသူငယ်လူငယ်လူရွယ်များ၏ဘဝအခြေအနေအဆင့်အတန်းများ မည်သို့ရှိသည်ကို လေ့လာဆန်းစစ်ကြည့်လျှင် သိနိုင်သည်။

ကြောင့်ကြပူပန်စရာမလိုဘဲ ပညာကို ဖြောင့်ဖြောင့်တန်းတန်း ဆုံးခန်းတိုင်အောင် သင်ကြားနိုင်သော ကလေးသူငယ်လူငယ်လူရွယ်များမှာ အနည်းစုဖြစ်ပါလိမ့်မည်။ ပညာကို ဆုံးခန်းတိုင်အောင်မသင်ယူနိုင်ဘဲ ဘဝကို ခက်ခဲကြမ်းတမ်းစွာဖြတ်သန်းနေကြရသည့် ကလေးသူငယ်လူငယ်လူရွယ်များ အနာဂတ်အတွက် စိုးရိမ်ပူပန်မိပါသည်။

### မျှော်မှန်းသည့်ပန်းတိုင်သို့

မိဘအုပ်ထိန်းသူများအနေဖြင့် အခြားအကြောင်းအမျိုးမျိုးနှင့် မိမိတို့၏ဘဝများကြောင့် ကျောင်းသားအရွယ်ကလေးသူငယ်များ၏ ရှေ့ရေးကို ပစ်ပယ်မထားရန်လိုအပ်သည်။ မိဘတိုင်းသည် မိမိတို့သားသမီးတိုင်းကို **“ဆင်စီးမြင်းရံ”** သည်ကိုသာ မြင်လိုကြသည်။ ဉာဏ်ပညာထက်မြက်သူများ ဖြစ်လိုကြသည်။ မြန်မာနိုင်ငံမှ ကလေးသူငယ်လူငယ်လူရွယ်များသည် ဉာဏ်ရည်မနိမ့်ကျပါ။ ပင်ကိုအားဖြင့် အများစုသည် ဉာဏ်ကောင်းကြသည်။ ထူးချွန်ထက်မြက်သူများဖြစ်နိုင်သည်။ ထူးချွန်ထက်မြက်သည့် သို့မဟုတ် သင့်တင့်လျောက်ပတ်သည့်ဘဝတစ်ခုသို့ တက်လှမ်းနိုင်သောအစွမ်းအစများရှိသည်။ သို့သော် ပညာကို ဆုံးခန်းတိုင်အောင် မသင်ကြားဘဲ၊ ပညာကို မျှော်မှန်းသည့်ခရီးတစ်ခုသို့ ရောက်အောင် မသင်ကြားဘဲနှင့် ရောက်ရှိနိုင်မည် မဟုတ်ပါ။

အချိန်ခါရှိခိုက် လုံ့လစိုက်၍ ကျောင်းနေပျော်ပြီး ပညာတော်အောင် အားလုံးက ရွက်ဆောင်ကြိုးပမ်းကြပါရန် အသိပေး နှိုးဆော်အပ်ပါကြောင်း။ ။

## မောင်တောကုန်သွယ်ရေးစခန်းမှ ၁-၅-၂၀၂၃ ရက်မှ ၂၃-၅-၂၀၂၃ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ခဲ့မှုအခြေအနေ



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁-၅-၂၀၂၃ မှ ၂၃-၅-၂၀၂၃ အထိ ပို့ကုန် ၀ ဒသမ ၄၆၅ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၀၀၁ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၀ ဒသမ ၄၆၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။ တင်ပို့ခဲ့သည့် လယ်ယာထွက်ကုန်ပစ္စည်းများမှာ ကွမ်းသီး တန်ချိန် ၅၄ တန်၊ အုန်းသီး တန်ချိန် ခုနစ်တန်၊ ဆီးသီးခြောက် တန်ချိန် ၁၄၈ ဒသမ ၅ တန်၊ ချင်း (အစို) တန်ချိန် တန် ၈၀၊ သရက်သီး တန်ချိန် ၃ ဒသမ ၅ တန်၊ မရန်းသီးတန်ချိန် ၁၃ ဒသမ ၅ တန်နှင့် တည်ငင်းသီးတန်ချိန် ၄၆ ဒသမ ၅ တန် စုစုပေါင်းတန်ချိန် ၃၅၃ တန်၊ တန်ဖိုး ၀ ဒသမ ၁၃၉ ဒေါ်လာသန်း တင်ပို့ခဲ့သည်။

၂၀၂၃ ခုနှစ် မေ ၂၄ ရက် ၁၁ နာရီတွင် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၈၂၇ ကျပ်၊ ၁၁၄ တာကာ၊ ၁၀၀ ကျပ်လျှင် ၄ ဒသမ ၀၃ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၈၀ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

## လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ် ကုန်သွယ်ရေးစခန်းအနေဖြင့် မေ ၂၂ မှ ၂၃ ရက်အတွင်း ပို့ကုန်ပိုင်းတွင် တစ်သျှူးငှက်ပျော၊ ဆန်ကွဲနှင့် ရွှေဖရုံသီးတို့ အများဆုံး တင်ပို့နိုင်ခဲ့သည်။ ပို့ကုန်ပစ္စည်း ဈေးနှုန်းများအနေဖြင့် တစ်သျှူးငှက်ပျော တစ်တန်လျှင် ၂ ဒသမ ၃၆ ယွမ်၊ ဆန်ကွဲ တစ်တန်လျှင် ၂ ဒသမ ၉ ယွမ်နှင့် ရွှေဖရုံသီး တစ်တန်လျှင် ၁ ဒသမ ၀၃ ယွမ် ဖြစ်သည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ရိတ်ခြွေစက်၊ ပိတ်လိပ်၊ မီးဖိုချောင်းသုံးပစ္စည်း၊ ကုန်စုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဖြစ်သည့် သံချောင်း၊ သံပြား၊ ဓာတ်မြေဩဇာ၊ ဂျပ်စက္ကူ၊ စက်နှင့်စက်ပစ္စည်း၊ ဂျပ်ဖာတို့ အများဆုံးတင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ၁-၅-၂၀၂၃ ရက်နေ့တွင် တစ်ယွမ်လျှင် ၄၀၈ ကျပ်ဖြစ်ခဲ့ပြီး ၂၃-၅-၂၀၂၃ ရက်နေ့တွင် တစ်ယွမ်လျှင် ၄၁၂ ကျပ်အထိ မြန်မာကျပ်ငွေဈေး အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရှိရသည်။

## မြိတ်ဒေသတွင် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ

၂၀၂၃ ခုနှစ်မေ ၂၂ရက်မှ ၂၄ရက်အတွင်း အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်းရင်းနိုင်ငံ သက်သေခံလက်မှတ် Form E အကျိုးခံစားခွင့်ဖြင့် ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်း ပရာကျွတ်ကရီခမ်မှတစ်ဆင့် မလေးရှားသို့ ငါးမှုန့် တန် ၂၁၀ နှင့် ငါးကြိတ်သား ၇ ဒသမ ၂ တန် တင်ပို့နိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်ဒေသတွင် သုံးစွဲလျက်ရှိသည့် စက်သုံးဆီများကို ထိုင်းနိုင်ငံမှ တင်သွင်းသုံးစွဲလျက်ရှိရာ မေ ၂၂ ရက်မှ ၂၄ ရက်အတွင်း ဓာတ်ဆီတန် ၉၀၀ တင်သွင်းနိုင်ခဲ့သည်။

ဒေသငွေကြေး ဈေးကွက်အနေဖြင့် ကျပ်/ ဘတ် ငွေလဲနှုန်းမှာ ၁ ဘတ်လျှင် ၈၄ ဒသမ ၆၅ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

## တာချီလိတ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ် ကုန်သွယ်ရေးစခန်းအနေဖြင့် အများဆုံးပို့ကုန်ပစ္စည်းများမှာ ပြောင်း၊ ပုစွန်ဖွဲ၊ ကြက်သွန်ဖြူ၊ ကြေးနီ၊ ကတ္တူစက္ကူ၊ ရော်ဘာ၊ ဆီးသီးစေ့တို့ဖြစ်ပြီး ယင်းပစ္စည်းများအနက် ပြောင်းနှင့် ပုစွန်ဖွဲများအား ပိုမိုတင်ပို့လျက်ရှိသည်။ ပြောင်းသီးနှံကို ရှမ်းပြည်နယ် (တောင်ပိုင်း) မှ သယ်ယူတင်ပို့လျက်ရှိရာ ယခုသီတင်းပတ်တွင် ပြောင်းဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ၈၇၇၈၀၀ ဖြင့် တန်ချိန် ၆၁၈၃ ဒသမ ၈၀၅ တန် တင်ပို့နိုင်ခဲ့သည်။ ပုစွန်ဖွဲအား ရန်ကုန်မှ သယ်ယူတင်ပို့လျက်ရှိရာ ယခုသီတင်းပတ်တွင် ပုစွန်ဖွဲဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ၁၀၀၈၀၀၀ ဖြင့် တန်ချိန် ၃၈၈ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံး သွင်းကုန်ပစ္စည်းများမှာ စက်သုံးဆီ၊ ဘိလပ်မြေ၊ စက်သုံးဆီ၊ အုတ်၊ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ကာဗွန်ပုံဆောင်ခဲ၊ ကွန်ကရစ်အမိုး၊ ကြွေပြား၊ ကွန်ကရစ်အပြား၊ သွပ်ပြားတို့ဖြစ်ပြီး ယခုသီတင်းပတ်တွင် ဘိလပ်မြေတစ်တန်လျှင် ကျပ် ၂၂၀၀၀၀ ဖြင့် ၅၈၇၃ တန် တင်သွင်းခဲ့သည်။ ပြင်ပငွေလဲနှုန်းအနေဖြင့် ကျပ်တစ်သိန်းလျှင် ၁၁၇၅ ဘတ် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

## ၂၄.၅.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇေိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၉၀၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၄၀၀၀ | ၃၀၁၈၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၁၀၀၀၀ | ၃၀၂၃၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၇၄၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ | ၃၀၀၀၀၀၀ |
| ၄ | တောင်ကြီး | ၂၇၅၀ | ၂၅၀၀ | ၉၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၆၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၃၀၀ | ၆၀၀ | ၈၅၀၀ | ၅၄၀၀ | ၃၇၀၀ | ၂၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၉၅၀၀ | ၃၀၂၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၈၈၀၀ | ၃၂၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၃၀၂၃၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၂၉၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၇၂၀၀ | ၅၅၀၀ | ၃၈၀၀ | ၂၀၀၀ | ၂၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၃၀၁၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၂၉၉၈၀၀၀ |
| ၈ | ထားဝယ် | ၃၆၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၅၅၀၀ | ၅၅၀၀ | ၄၂၀၀ | ၁၇၀၀ | ၅၀၀ | ၆၃၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | | ၃၀၁၇၀၀၀ |
| ၉ | မြိတ် | ၂၈၅၀ | | ၁၆၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၂၆၀၀ | ၆၇၀၀ | ၇၀၀၀ | ၄၆၀၀ | ၅၀၀၀ | ၇၅၀ | ၇၈၀၀ | ၅၅၀၀ | ၄၉၀၀ | ၂၇၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | | ၃၀၁၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၅၀၀ | ၂၄၀၀ | ၁၄၀၀၀ | ၄၈၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ | ၂၉၀၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၇၅၀ | | ၁၄၀၀၀ | ၆၁၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၅၇၀၀ | ၆၇၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၆၅၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၂၉၀၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | | ၃၀၀၀၀၀၀ |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၂၂၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၀၀၀၀ | ၂၉၇၀၀၀၀ |
| ၁၄ | မုံရွာ | ၃၈၀၀ | | ၁၂၅၀၀ | ၆၃၅၀ | ၁၉၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀ | ၇၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၈၇၅၀၀၀ |
| ၁၅ | မန္တလေး | ၂၈၀၀ | ၁၇၅၀ | ၁၃၅၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၁၉၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၂၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၂၈၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၆၈၀၀ | ၅၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ | ၃၀၂၅၀၀၀ |
| ၁၇ | မကွေး | ၂၉၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၃၀၁၅၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၃၀၁၀၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၅၀၀၀ | ၇၅၀၀ | | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၄၀၀ | ၃၅၀၀ | ၂၂၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၃၀၄၃၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၆၅၀၀ | ၄၂၀၀ | ၄၈၀၀ | ၅၀၀ | ၇၂၀၀ | ၅၂၀၀ | ၃၈၀၀ | ၂၂၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၃၀၂၃၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၁၄၅၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၅၀၀၀ | ၆၈၀၀ | ၄၅၀၀ | ၅၄၀၀ | ၅၀၀ | ၇၅၀၀ | ၅၄၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၈၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၃၀၂၃၀၀၀ |
| ၂၂ | ကလေး | ၃၀၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၃၁၀၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ထားဝယ်တွင် ကျပ် ၂၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ပြည်တွင် ကျပ် ၁၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လွိုင်ကော်တွင် ကျပ် ၂၀၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၃၀၀၊ ထားဝယ်တွင် ကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၁၀၀၀၊ ဝက်သား တစ်ပိဿာလျှင် လားရှိုးနှင့် လွိုင်ကော်တွင် ကျပ် ၁၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ကျပ် ၂၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် လားရှိုးတွင် ကျပ် ၂၀၀၀၊ ပခုက္ကူတွင် ကျပ် ၁၅၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၃၀၀၊ မုံရွာတွင် ကျပ် ၅၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ကျပ် ၁၀၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၃၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## လေပွေလှိုင်းအရှိန်ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၄**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "မဝါ" (Mawar)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း မေ ၂၈ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် တိရစ္ဆာန် ၅၃၁၉၁၃ ကောင် သေဆုံး

**နေပြည်တော် မေ ၂၄**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်နှင့် မုန်တိုင်း၏ ဆက်စပ်အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ကျွဲ ၄၂၀၉ ကောင်၊ နွား ၇၆၆၆ ကောင်၊ ဝက် ၂၂၉၅ ကောင်၊ ဆိတ် ၇၃၈ ကောင်နှင့် ကြက် ၅၁၇၀၀၅ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးခဲ့သည့် တိရစ္ဆာန်များတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့ နယ်မှ ကျွဲ ၄၂၀၆ ကောင်၊ နွား ၇၅၉၃ ကောင်၊ ဝက် ၂၂၈၃ ကောင်၊ ဆိတ် ၇၃၈ ကောင်နှင့် ကြက် ၄၈၉၂၀၅ ကောင်၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ကြက်ကောင်ရေ ၂၄၅၀၀ ၊ မကွေး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၆ မြို့နယ်မှ ကျွဲ ၃ ကောင်၊ နွား ၇၃ ကောင်နှင့် ဝက် ၁၂ ကောင်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် နှစ်မြို့နယ်မှ ကြက်ကောင်ရေ ၃၃၀၀ တို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် စိုက်ပျိုးသီးနှံ ၆၂၈၃၆ ဧက ပျက်စီး

**နေပြည်တော် မေ ၂၄**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်နှင့် မုန်တိုင်း၏ ဆက်စပ်အရှိန်ကြောင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့၌ စိုက်ပျိုးထားသည့် စိုက်ပျိုးသီးနှံ စုစုပေါင်း ၆၂၈၃၆ ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါပျက်စီးသွားသည့် စိုက်ပျိုးသီးနှံများတွင် ရခိုင်ပြည်နယ်မှ ငှက်ပျော ၆၀၅ ဧက၊ ကွမ်းသီးပင် ၁၃၄၅ ဧက၊ ကွမ်းရွက်ပင် ၅၈ ဧက၊ ဓနိပင် ၂၃၁ ဧက၊ ကြက်ပေါင်စေး ၅ ဧက နှင့် သစ်သီးဥယျာဉ် ၁၇၀၉ ဧက၊ မကွေးတိုင်းဒေသကြီးမှ နှမ်းစပါး ၁၀၉ ဧက၊ နှမ်းနှမ်း ၄၉၅၆၉ ဧက၊ ဆောင်းနေကြာ ၈ ဧက၊ မိုးနေကြာ ၂၂ ဧကနှင့် မိုးပဲတီစိမ်း ၆၇၆၆ ဧက၊ မန္တလေးတိုင်းဒေသကြီးမှ နှမ်းနှမ်း ဧက ၃၅၀ နှင့် မိုးပဲတီစိမ်း ၁၇ ဧက၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှမ်းနှမ်း ၉၀၂ ဧကနှင့် မိုးပဲတီစိမ်း ၁၀၆၅ ဧက၊ ဧရာဝတီတိုင်းဒေသကြီးမှ ငှက်ပျော ၇၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျော်ဖုံးမှ*

မေ ၂၃ ရက်နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိအခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသားကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကို ထောက်ပံ့ပေးအပ်ကြသည်။



ကျောင်းအပ်နှံရေး သီတင်းပတ်၏ ဒုတိယရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၂၇၃၀၃၂၃ ဦးရှိပြီး ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာ ဆရာမများ၊ လာရောက် ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၅ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၃၂၅၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၃၂၅၆၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၇၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၇၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၉၀ ကျပ် | ၁၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၅ ကျပ် | ၂၁၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၆၀. ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၅၈ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၀ . ၇၈၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၁၅ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၇ . ၃၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၇ . ၉၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၃၉၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၀၀၀ | ၅၄၃ | ၄၃၄၅၄၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၃၇ | ၁၀၇၃၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၃ | ၂၁၉၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၇၄ | ၁၀၇၃၀၀ |
| TMH | ၂၅၅၀ | ၂၄၀၀ | ၆၄ | ၁၅၅၁၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၅ | ၁၂၇၅၀ |
| AHP | ၄၇၀၀ | ၄၈၀၀ | ၁၀၂ | ၄၈၆၈၀၀ |

ညီညီ - စုစည်းသည်

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ / လစာနှစ်ချုပ်စာရင်း / နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ e-Registration Service Login Here မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာတင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသောတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် –

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်စာတိုက်တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟုမှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့်တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံ အဆင့်ဆင့်ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာ တင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် –

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို www.ird.gov.mm တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါ သည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (သောကြာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် –

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာ တင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် –

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်–၀၁–၈၃၈၉၃၁၁၊ ၀၁–၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်–၀၆၇–၃၄၃၀၅၂၂၊ ၀၆၇–၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်–၀၂–၄၀၃၀၁၃၉၂၊ ၀၂–၄၀၃၀၆၃၇၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက (၇) Grade-4မှ ဦးရန်နောင်လတ် ၇/တငန(နိုင်)၁၀၁၄၅၀ ၏ သားဖြစ်သူ မောင်မင်းရန်ကိုအား မောင်မင်းရန်နောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းရန်နောင်**

---

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ဇရစ်ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ အကွက်အမည်(ဇ ရစ်)၊ ဦးပိုင်အမှတ်(၁၀၀.ခ+၁၀၁ဃ)စုစုပေါင်း မြေဧရိယာ(၀ဒသမ၀၆၀)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်–

(က) အရှေ့လားသော် – ပိတောက်ရွှေလမ်း
(ခ) အနောက်လားသော် – ဦးပိုင်အမှတ်(၁၀၁.ခ)
(ဂ) တောင်လားသော် – ဦးပိုင်အမှတ်(၁၀၀.က)၊ (၁၀၁.ခ)
(င) မြောက်လားသော် – မင်္ဂလာလမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ရီရီထွေးပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ် ဇွန်လ ၄ရက် မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

---

## အမြန်ဆက်သွယ်ပါရန်

ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ မြင်းကကုန်းအုပ်စု၊ ထနိဖတ်ကျေးရွာနေ မဇင်လဝန်းထက် ၁၄/ဖပန(နိုင်)၁၈၆၈၆၆၏ ခင်ပွန်း မောင်အာကာ(ခ)အေးမင်းပိုင် ၁၄/ဒဒရ(နိုင်)၁၉၆၇၁၁သည် နေအိမ်မှ ၂–၂–၂၀၂၃ရက်တွင် အလုပ်လုပ်မည်ဟု ပြောပြီးထွက်သွားပါသဖြင့် ယနေ့ထိ အဆက်အသွယ်သတင်းမရရှိပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် ဖုန်း–၀၉–၆၉၈၀၆၀၁၅၂၊ ၀၉–၆၉၇၃၁၂၉၆၀**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ် (၅၀)၊ အကောက်ဆိပ်တောင်အကွက်၊ ဦးပိုင်အမှတ်(၃၅၁)၊ ဧရိယာ ၀.၀၅၅ဧကရှိမြေကို ဦးမင်းသူအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်းသက်တမ်းတိုး) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက် အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့် ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/83471, Suzuki Viva 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၇/သကန(နိုင်)၀၇၈၆၆၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/14443, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်စိန် ၉/မထလ(နိုင်)၀၇၀၇၃၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9098 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9M/9665 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/7724 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၂၉၉၉၀, Honda Wave 110 S ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းထွေး ၆/လလန(နိုင်)၀၉၃၁၄၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/4924, Zeya (zy.05) Light Truck (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးသက်မိုး ၁၂/လကန (နိုင်)၁၆၅၉၁၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၈)လမ်း၊ အမှတ် (၂၆၂)၊ (၂)ခန်းတွဲ RC (၆)ထပ် အဆောက်အအုံ၏ (ပဉ္စမထပ်)၊ (၆–လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ဝဲဘက်အခန်း)၊ ဧရိယာ (၅၄၀.၅) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ သည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအောင်ကျော်ဖြိုး ၁၂/ဥကမ(နိုင်)၂၀၀၆၆၂၊ ဒေါ်ငြိမ်းငြိမ်းအိ ၇/ကတခ(နိုင်)၁၄၀၂၁၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအာကာမင်း ၁၂/မဂဒ(နိုင်)၁၆၇၅၄၂၊ ဒေါ်စန်းသိင်္ဂီကျော် ၁၂/မဂဒ(နိုင်)၁၈၀၆၁၁တို့ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအာကာမင်း၊ ဒေါ်စန်းသိင်္ဂီကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၅၅)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၁၁၅၇၈၅၆၊ ၀၉–၇၉၈၄၅၈၆၂၇**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ်(၆/ ၇၈၄)၊ အကျယ်အဝန်း(၂၅ပေ× ၅၀ပေ)ရှိ ဒေါ်နီနီအေး (၁၂/ဒလန (နိုင်) ၀၀၄၄၁၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နုနုအေး (၁၂/ဒလန (နိုင်) ၀၁၇၄၅၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/2284, Nissan Diesel Tractor Head (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဟိန်း ၁၂/ကမတ(နိုင်) ၀၂၇၁၁၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီး ရုံးခွဲ(ရွာသာကြီး)**

---

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ရွှေစင်(၂)လမ်း၊မြေကွက်အမှတ်(၃၈၁)၊ဦးတင်ဦး( S/OKA-၀၀၃၂၉၇ )အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း( ၂၀ပေ× ၆၂ပေခွဲ )ရှိ နှစ်(၆၀)ဂရန်မူရင်းခြမ်းမြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဇော်မင်းလွင်( ၁၂/သဃက(နိုင်) ၁၀၆၄၀၇ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၀)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးထိန်လင်းသန်း( LL.B, D.B.L, D.I.L, D.M.L ) | ဒေါ်ပြည့်ပြည့်ဖြိုး( LL.B, D.B.L,D.I.P.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄) |

အမှတ်( ၇၂၅ )၊ပြည်သာယာ(၂)လမ်း၊( ၃၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်( မြောက်ပိုင်း )မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8205, Mitisubishi Pajero v75 Station Wagon(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဆွေ ၁/မကတ(နိုင်)၀၁၂၉၀၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
## အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း
**Myanmar Garlic Company Limited**

၂၀၂၃ ခုနှစ်၊ မတ် ၁၄ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်အစည်းအဝေးဆုံးဖြတ်ချက်အရ Myanmar Garlic Company Limited. အား ၂၀၂၃ ခုနှစ် မတ် ၁၆ ရက်မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အိအိဝင်းနိုင် (LL.B.,DBL, DIL) (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၄၈၂/၂၀၁၇ လက်မှတ်ရ Membership of Myanmar Association of Insolvency Practitioners Inc (No.00186)အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၄ ခုနှစ် မတ် ၁၅ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | |
|---|---|
| Sai Hla Khaing | Daw Ei Ei Win Naing |
| Managing Director | LL.B.,DBL, DIL |
| Myanmar Garlic Co.,Ltd. | တရားလွှတ်တော်ရှေ့နေ |
| | Myanmar Garlic Co.,Ltd. |
| | Membership Of MAIP |
| | (No.00186) |

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
## မြန်မာနိုင်ငံလူမွဲခံခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က) (၂)နှင့် ပုဒ်မ ၁၅၂(က)အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
**VENT D'EST (MYANMAR) Co.,Ltd.**

၂၀၂၃ ခုနှစ်၊ မတ် ၂၅ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်အစည်းအဝေးဆုံးဖြတ်ချက်အရ VENT D'EST (MYANMAR) Co.,Ltd. အား ၂၀၂၃ ခုနှစ် မတ် ၂၈ ရက်မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အိအိဝင်းနိုင် (LL.B.,DBL, DIL) (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၄၈၂/ ၂၀၁၇ / (MAIP) Membership (No.00186)အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၁နှစ်ထက်မပိုစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | |
|---|---|
| MR. TAO, SEN | ဒေါ်အိအိဝင်းနိုင် |
| Director | LL.B.,DBL, DIL VENT |
| D'EST (MYANMAR) Co.,Ltd. | တရားလွှတ်တော်ရှေ့နေ |
| | စဉ်-၁၄၈၂/၂၀၁၇ |
| | (MAIP) Membership (No.00186) |

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
## မြန်မာနိုင်ငံလူမွဲခံခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က) (၂)နှင့် ပုဒ်မ ၁၅၂(က)အရ အစုရှယ်ယာရှင်၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
**Myanmar An Dian Electronic Company Limited**

၂၀၂၃ ခုနှစ်၊ မတ် ၂၅ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်အစည်းအဝေးဆုံးဖြတ်ချက်အရ Myanmar An Dian Electronic Company Limited. အား ၂၀၂၃ ခုနှစ် မတ် ၂၈ ရက်မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဒေါ်အိအိဝင်းနိုင် (LL.B., DBL, DIL) (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၄၈၂/၂၀၁၇/MAIP Membership (No.00186) လက်မှတ်ရသူအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို တစ်နှစ်ထက်ပိုစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | |
|---|---|
| Daw Khin Hnin Phyu | ဒေါ်အိအိဝင်းနိုင် |
| Director | LL.B.,DBL, DIL |
| Myanmar An Dian | တရားလွှတ်တော်ရှေ့နေ |
| Electronic Co.,Ltd. | စဉ်-၁၄၈၂-၂၀၁၇ |
| | (MAIP) Membership (No.00186) |

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
**" United Ascent Travel Ware Company Limited"**

၂၀၂၃ခုနှစ်၊ မတ်လ ၂၅ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် အစည်းအဝေးဆုံးဖြတ်ချက်အရ "United Ascent Tarvel Ware Company Limited" အား ၂၀၂၃ခုနှစ်၊ မတ်လ(၂၈) ရက်မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အိအိဝင်းနိုင်(LL.B,DBL,DIL)(တရားလွှတ်တော်ရှေ့နေ)စဉ်-၁၄၈၂/၂၀၁၇ လက်မှတ်ရ Membership of Myanmar Association of Insolvency Practitioners Inc(No.00186)အား တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၄ခုနှစ်၊ မတ်လ ၂၇နေ့ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | |
|---|---|
| Mr.Chan Xinmin | Daw Ei Ei Win Naing(LL.B,DBL,DIL) |
| Director | တရားလွှတ်တော်ရှေ့နေ |
| United Ascent | United Ascent Travel Ware Co.,Ltd |
| Travel Ware Co.,Ltd | Membership Of MAIP(No.00186) |

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
## မြန်မာနိုင်ငံလူမွဲခံခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ပုဒ်မ ၁၅၂(က)အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
**"ILPCG LTD"**

၂၀၂၃ခုနှစ်၊ မတ်လ ၁၇ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်အစည်းအဝေးဆုံးဖြတ်ချက်အရ "ILPCG LTD" အား ၂၀၂၃ခုနှစ်၊ မတ်(၂၁)ရက်မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဒေါ်အိအိဝင်းနိုင် (LL.B,DBL,DIL/ တရားလွှတ်တော်ရှေ့နေ/စဉ်-၁၄၈၂/၂၀၁၇/(MAIP)Membership No.00186)အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၁နှစ်ထက် မပိုစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | |
|---|---|
| U SAI HLA KHAING | ဒေါ်အိအိဝင်းနိုင်(LL.B,DBL,DIL) |
| Director | တရားလွှတ်တော်ရှေ့နေ |
| ILPCG LTD | (စဉ်-၁၄၈၂/၂၀၁၇) |
| | (MAIP)Membership No.00186 |

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ
## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
**Myanmar Ju Heng Company Limited.**

၂၀၂၃ ခုနှစ်၊ မတ် ၂၅ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်အစည်းအဝေးဆုံးဖြတ်ချက်အရ Myanmar Ju Heng Company Limited. အား ၂၀၂၃ ခုနှစ် မတ် ၂၉ ရက်မှစ၍ ကုမ္ပဏီပိုင်ရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အိအိဝင်းနိုင် (LL.B.,DBL, DIL) (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၄၈၂/ ၂၀၁၇ / လက်မှတ်ရ Membership of Myanmar Association of Insolvency Practitioners Inc (No.00186)အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၁ နှစ်ထက်မပိုစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

| | |
|---|---|
| Daw Khin Myint | Daw Ei Ei Win Naing |
| Director | LL.B.,DBL, DIL |
| Myanmar Ju Heng Co.,Ltd. | တရားလွှတ်တော်ရှေ့နေ |
| | Myanmar Ju Heng Co.,Ltd. |
| | Membership Of MAIP |
| | (No.00186) |

## လေလံကြော်ငြာ

၁။ တမူးခရိုင်၊ သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိသည့်ပုံစံ (၈)ဝင် ကျွန်းပရိဘောဂ၊ ကျွန်း/အုပ်စု (၁)၊ အင်/ကညင်/ အခြား(သစ်လုံး/ခွဲသား) စုစုပေါင်း (၂၅၉.၀၇၁၇)တန်တို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

ရောင်းချမည့်အစီအစဉ်

(က) နေ့ရက် - ၅-၆-၂၀၂၃ရက် (တနင်္လာနေ့)

(ခ) အချိန် - နံနက် ၁၀:၀၀နာရီ

(ဂ) နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တမူးခရိုင်

၂။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသည့် မည်သူမဆို လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များ တစ်စုံလျှင် (၁၀၀၀ဝိ/)နှုန်းဖြင့် ၂၅-၅-၂၀၂၃ရက်မှ ၁-၆-၂၀၂၃ရက်အတွင်း တမူးခရိုင်၊ သစ်တောဦးစီးဌာန၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံအောင်မြင်သည့်သစ်များအား တိုင်းကျော်သယ်ယူခွင့်ပြုပါ သည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၆၂၈၄၆၃၄၇၊ ၀၉-၇၅၆၄၁၁၁၅၆များသို့ စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**တမူးခရိုင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀.၁၆၀၀ဧက၊ မြေကွက်အမှတ် (ဥ-၆၄၀၈)၊ Original Group Co.,Ltd. အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးစည်သူအောင်(ခ)စစ်အောင် (ဘ)ဦးနေမျိုးအောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၈၄/၂၀၂၂ (၂၇-၁၀-၂၀၂၂) တင်ပြ၍ ဒေါ်ဝင်းသန္တာထွန်း ၁၄/ပသန(နိုင်)၁၈၅၃၁၇ (ဘ) ဦးဝင်းထွန်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ ဥတ္တရသီရိအလယ်၊ မြေဧရိယာ(၀ဒသမ၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ.၅၄၈၆-ဘီ)၊ ဦးအောင်သူနိုင်(ဘ)ဦးမြင့်နိုင် ၇/ပမန(နိုင်) ၁၇၉၂၆၂ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးထွန်းထွန်းဝင်း (ဘ) ဦးထွေးရင် ၁၀/မလမ(နိုင်) ၀၃၃၆၁၇မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဝေါမြို့နယ်၊ အထက(ဝေါအရှေ့)ကျောင်း Grade-8 (B)မှ (ဘ)ဦးကိုလတ်၏ သမီး မကြယ်စင်လင်းအား မချစ်ချစ်ချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မချစ်ချစ်ချို**

## မွေးသက္ကရာဇ်အမှန်

တောင်သာမြို့နယ်၊ ဝဲလောင်အုပ်စု၊ ခံပင်ကျေးရွာနေ (ဘ)ဦးဝင်းအောင် ၉/တသန(နိုင်)၀၈၆၇၉၇၏သမီးဖြစ်သူ ဒေါ်ရိရိသန့် ၉/တသန(နိုင်)၁၁၁၆၅၆၏ မွေးသက္ကရာဇ်အမှန်မှာ (၂၀-၆-၁၉၇၄) ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၅-၂၀၂၃ရက် ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၆) အများသိစေရန် ကြော်ငြာတွင် ညွှန်ကြားချက်ပေးသူ ဦးကျော်သက်အစား ဦးကျော်သက်ဝေ ၁၃/လရန(နိုင်) ၀၉၃၄၁၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ငွေးပင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း GRADE-9 မှ မောင်လင်းဟဲ့ဟိန်းနှင့် GRADE-6 မှ မောင်လင်းလဲ့ရှိန်တို့၏ ဖခင် ဦးဝင်းထွန်းဦး၏ အမည်မှန်မှာ ဦးသိန်းထိုက် ၈/ဆဖန(နိုင်) ၀၇၁၇၇၄ ဖြစ်ပါကြောင်း။

**ဦးသိန်းထိုက်**
**၈/ဆဖန(နိုင်)၀၇၁၇၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/8204, Nissan AD Vay 12, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကိုလတ် ၉/ပမန(နိုင်) ၂၂၉၆၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၆၅၀)နေ ဒေါ်ဝင်းသူဇာတင်မောင် ၁၂/ကမရ(နိုင်) ၀၂၂၇၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါ သည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းသူဇာတင်မောင်သည် (၁) ရွှေသုန္ဒရီ(ရွှေမင်းသမီး)ပိုး ထည်တိုက်လုပ်ငန်း၊ (၂) ရွှေသုန္ဒရီ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ (၃) ရွှေထီး ရွှေနန်းကုမ္ပဏီအမည်ဖြင့် မြေနှင့်အဆောက်အအုံ အရောင်းအဝယ်လုပ်ငန်းများကို မိမိပိုင်ငွေကြေး စိုက်ထုတ်၍ သန်းခေါင်စာရင်းပါ မိသားစုဝင်များဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်မှာ ၂၀၀၉ခုနှစ် ကတည်းကဖြစ်ပြီး ကျန်မည်သူတစ်ဦးတစ် ယောက်နှင့်မျှ အကျိုးတူပူးပေါင်း ဆောင်ရွက်လုပ်ကိုင်ခြင်းမရှိပါ။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းသူဇာတင်မောင်နှင့် ၎င်း၏ခင်ပွန်း(ဦးအုန်းချို) ကွယ်လွန်သူ၏ အမည်အားအသုံးပြုကာ ကျူးကျော်မြေများဖယ်ရှားခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာနအသီးသီးတို့တွင် ပုံစံ(၇)၊ လန(၃၀)လျှောက်ပေးမည်ဟုဆိုကာ ကျွန်ုပ်မိတ်ဆွေများ၏ အမည်ဖြင့် ငွေကြေးလိမ်လည်မှုများလုပ်ဆောင်နေသည်ကို ကြားသိရပါသည်။

ထို့အပြင် ၎င်းနှင့်သိကျွမ်းခင်မင်သော မိတ်ဆွေအချို့မှ ဒေါ်ဝင်းသူဇာတင်မောင်၏ နာမည်ဂုဏ်သတင်း ထိခိုက်အောင်ပြောဆို၊ ပြုမူမှုများကိုကြားသိရပါသည်။ ကျွန်ုပ်မိတ်ဆွေသည် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ငွေကြေးတစ်စုံတစ်ရာ အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းများ ပတ်သက်ပါဝင်မှုမရှိသူဖြစ်သည့်အပြင် အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ကင်းကင်းရှင်းရှင်းဖြင့် မိမိလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသည်။

သို့ပါ၍ ဒေါ်ဝင်းသူဇာတင်မောင်၏ ဂုဏ်သိက္ခာကိုထိပါးအောင် တစ်နည်းနည်းဖြင့် ပြောဆို၊ ပြုမူဆောင်ရွက်ခဲ့ပါက ယင်းသို့ ပြောဆိုပြုမူဆောင်ရွက်သူ မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမို့မို့အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၃၂)**
**အမှတ်(၅၁၁/C-1)၊ (၈)ရပ်ကွက်၊ မာလာမြိုင်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၂၀၁၃၈၊ ၀၉-၄၅၅၀၂၀၁၃၈**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သော ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်း၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များ အနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

**တင်ဒါအမှတ်** - Tender.3.Equipment(2023-2024)

**တင်ဒါစတင်သည့်ရက်** - ၂၄-၅-၂၀၂၃ ရက်

**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၆-၆-၂၀၂၃ ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲခြင်းအား အများပြည်သူများသိရှိစေရန်ကြေညာခြင်း

တူတူဖိုင်းနန့်(စ်)ဒက်ဗလျူစီအိုင်မြန်မာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ MR. HAN CHEOL HEE နှင့် MR. RHEE HEON JOO အစား ဒါရိုက်တာ MR. JIN HEE SEOK နှင့် MR.KIM JUNE အား ခန့်အပ်ကြောင်း အများပြည်သူများ သိရှိစေရန် ကြေညာအပ်ပါသည်။

**တူတူဖိုင်းနန့်(စ်)ဒက်ဗလျူစီအိုင်မြန်မာကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပိတောက်အိမ်ရာ စီမံကိန်း (Padauk Garden)၊ Villa No- PV 45A I အကျယ်အဝန်း ၄၀ပေx ၆၀ ပေရှိ အိမ်ရာစီမံကိန်းပါ မြေကွက်တစ်ကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ၁။ ဦးဝင့်ဖြိုးမောင် ၁၂/ဒဂန(နိုင်)၀၃၃၇၆၄ နှင့် ၂။ ဒေါ်မေမြတ်ဖြူစင် ၁၂/ဗဟန(နိုင်)၀၉၃၁၁၄ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သီတာထွေး ၉/ခအဇ(နိုင်)၀၀၆၈၉၅ က ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄) ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစုံတရာ ပေါ်ပေါက်ခြင်း မရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
| စဥ်-၂၅၁၆၅ | စဥ်-၂၆၁၉၉ | စဥ်- ၄၆၃၂၈ |

**အထက်တန်းရှေ့နေများ**
အမှတ် ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ အိမ်အမှတ်-၇ ဟုခေါ်တွင်သော အဆောက်အအုံ၏ မြေညီထပ်ဟုခေါ်တွင်သော အကျယ်အဝန်း ၂၂ ပေ x ၅၇ ပေခန့်ရှိ တိုက်ခန်း တစ်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ဌေးဌေးကြည် (MYA-၀၀၃၉၅၇) ၁၂/စခန(နိုင်)၀၆၂၀၁၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစိတ်တဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ပြည့်မြောက်သည်အထိလာရောက်ကန့်ကွက်မှုတစုံတရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
| စဥ်-၂၅၁၆၅ | စဥ်-၂၆၁၉၉ | စဥ်- ၄၆၃၂၈ |

**အထက်တန်းရှေ့နေများ**
အမှတ် ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 81W/47507 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

